ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (6-8-2014) (၇၉၂၄)

### မိုးရွာသွန်းမှု

၅-၈-၂၀၁၄

| | | | | |
|---|---|---|---|---|
| ကျိုက်မရော | ၉ | ဒသမ | ၇၃ | လက်မ |
| လောင်းလုံ | ၇ | ဒသမ | ၄၀ | လက်မ |
| ကျောက်တော် | ၅ | ဒသမ | ၉၄ | လက်မ |
| ထားဝယ် | ၅ | ဒသမ | ၇၁ | လက်မ |
| ကြာအင်းဆိပ်ကြီး | ၅ | ဒသမ | ၇၀ | လက်မ |
| ရေး | ၅ | ဒသမ | ၆၇ | လက်မ |
| ဘီးလင်း | ၅ | ဒသမ | ၅၉ | လက်မ |
| ကော့ကရိတ် | ၃ | ဒသမ | ၀၇ | လက်မ |

အပ္ပမာဒေါစ ဓမ္မေသု
တေံမင်္ဂလ မုတ္တမံ
ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဘေးကင်းလုံခြုံရေးဆောင်ရွက်မှုများ တိုးတက်လာ

နေပြည်တော် ဩဂုတ် ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းအခြေအနေ၊ လမ်းလယ်ကျွန်း၌ မြေယာရှုခင်း စိုက်ပျိုးမှု၊ ရေနုတ်မြောင်းစနစ်ပြုပြင်ထည့်သွင်းမှု၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် သတိပေးစနစ်များ ထူထောင်ထားရှိမှုအခြေအနေနှင့် တံတားများတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။**



ဒုတိယသမ္မတ ဦးညဏ်ထွန်း ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုင်တိုင်အမှတ် (၁၉၇/၅)အနီးရှိ မီးရထားလမ်းကျော်တံတား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတသည် မိုင်တိုင်အမှတ်(၁၇/၁)နှင့် (၁၇/၂)ကြားရှိ စစ်ပင်ဆိပ်တံတားအား လေးလမ်းသွားတံတားမှ ရှစ်လမ်းသွားတံတားအဖြစ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရှင်းလင်းပြသသည်။

ထို့မှတစ်ဆင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘောနတ်ကြီးရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းများစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ယာဉ်မတော်တဆဖြစ်မှု လျော့နည်းလာခဲ့မှုများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် မြန်မာအိုင်တီအင်ဂျင်နီယာများအား ပျိုးထောင်ပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်သည် အခြားမည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရသည့် ကြီးမားသောစီးပွားရေးအင်အားစုတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါသည်။ ထိုသို့အရင်းအနှီးဈေးကွက် အောင်မြင်စွာ ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းဖော်ဆောင်ရေး၊ အာဆီယံစံညွှန်းဖော်ဆောင်ရေးနှင့် မြန်မာ့စံချိန်စံညွှန်းဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း စတော့ရှယ်ယာဈေးကွက်ကို ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကပူးပေါင်းကူညီပံ့ပိုးလျက်ရှိသော Daiwa Institute of Research-DIR မှ သိရှိရသည်။

နိုင်ငံတကာစံချိန်စံညွှန်းဖော်ဆောင်ရေးကဏ္ဍတွင် အိုင်စီတီနည်းပညာသည် အရေးကြီးသော သော့ချက်တစ်ခုဖြစ်သည်။ စာရင်းရှင်းလင်းမှုစနစ်များ၊ ရှယ်ယာစာရင်းချေခြင်းစနစ်များပါဝင်သည့် စတော့အိတ်ချိန်းစနစ်၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင် ထားရှိတပ်ဆင်မည့် အများသုံးကွန်ပျူတာ တာမီနယ်များ (KIOSK Terminal)၊ ခန္ဓာဗီဇဆိုင်ရာစစ်ဆေးခြင်းနည်းစနစ်များ (Biometrics Authentication) ထည့်သွင်းခြင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့်(Report)များပေးပို့ခြင်းစသည့် အိုင်စီတီ အသုံးပြုနယ်ပယ်များတွင် အိုင်စီတီနည်းပညာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာသည်နှင့်တစ်ပြိုင်နက် မြန်မာနိုင်ငံ၏ အခွန်စနစ်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**






ကြေးမုံ စာတည်းရှုထောင့် ၆-၈-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# ကျန်းမာရေးအသိဖြင့် ဝိုင်းဝန်းကာကွယ်

လူတို့နေ့စဉ်စားသုံးနေသည့် အစာများသည် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့်အစာများဖြစ်ရန် အရေးကြီးပေသည်။ လူတစ်ဦးချင်း ကျန်းမာကြံ့ခိုင်ပြီး လူမှုနယ်ပယ်တွင် ရှင်သန်ရပ်တည်နေနိုင်ရန်မှာ နေ့စဉ် နေထိုင်စားသောက်မှုပုံစံများအပေါ်တွင် များစွာမူတည်နေသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်စေရန် နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ဘဏ္ဍာငွေများကိုလည်း တိုးမြှင့်သုံးစွဲကာ ရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံသားများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်သကဲ့သို့ နိုင်ငံသားများကလည်း မိမိတို့၏ ကျန်းမာရေးအသိများဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရပေမည်။ ယနေ့တွင် လူသားတို့၏ နေထိုင်မှုဘဝပုံစံများ ပြောင်းလဲတိုးတက်လာသဖြင့် စားသောက်မှုပုံစံများလည်း ပြောင်းလဲလာလျက်ရှိသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားတို့၏ နေထိုင်စားသောက်မှုပုံစံ မမှန်ခြင်းတို့ကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုဦးရေ တစ်နေ့တခြား မြင့်တက်လာနေသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်နိုင်ရန်မှာ လူသားတို့၏ နေထိုင်စားသောက်မှု စနစ်တကျရှိရန် လိုအပ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုများကို ကမ္ဘာ့နိုင်ငံအသီးသီးက ဦးစားပေး လုပ်ဆောင်လာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန် ဓာတုဗေဒနည်းဖြင့် စိုက်ပျိုးထုတ်လုပ်သော စားသောက်ကုန်များနေရာတွင် အော်ဂဲနစ်အခြေခံသည့် သဘာဝထွက်ကုန်များကို စားသုံးနိုင်ရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ထို့ပြင် အမျိုးသားအစားအသောက်ဥပဒေချမှတ်ပြီး ပြည်သူများအတွက် အန္တရာယ်ကင်းသည့်အစားအသောက်များရောက်ရှိရေးကို ဦးတည်လုပ်ဆောင်လျက်ရှိသည်။ ယင်းအပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ခုနှစ် ဧပြီလတွင် တိုးချဲ့ဖွဲ့စည်းခွင့်ရရှိခဲ့ပြီး အစားအသောက်ဘေးရန် ကင်းရှင်းစေရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။

ကျောင်းမုန့်ဈေးတန်းများ အစားအသောက်အန္တရာယ်ကင်းရှင်းစေရေး စီမံချက်အဖြစ် ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းတွင် နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ ၂၀၁၄-၁၅ ပညာသင်နှစ်တွင် ဇွန်လမှ ဒီဇင်ဘာလအထိ ပြည်နယ်နှင့်တိုင်းဒေသကြီး(၈)ခုတို့တွင်လည်းကောင်း၊ လာမည့် ပညာသင်နှစ်တွင် ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်းကောင်း အရောင်ပါထုပ်ပိုးအစားအသောက်များကို ကျပန်းနမူနာကောက်ယူစစ်ဆေးသွားမည်ဖြစ်သည်။ ပြည်သူများ အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန် အစားအသောက်စစ်ဆေးရေးမှူးများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ခန့်ထားပြီး ခရိုင်နှင့် မြို့နယ်များအထိပါ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံတော်က စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံစွာ စားသုံးနိုင်စေရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် ထုတ်လုပ်ရောင်းချသူများနှင့် စားသုံးသူ ပြည်သူတစ်ရပ်လုံးကပါ တက်ညီလက်ညီ ဝိုင်းဝန်းပါဝင်ကူညီကြရမည်ဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အမျိုးသားအစားအသောက်ဥပဒေအရ ပြစ်ဒဏ်များဖြင့် သတိပေးမှုများလုပ်ဆောင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးမှုများလုပ်ဆောင်စေခြင်း၊ အစားအသောက်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်စေခြင်းတို့ဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်သည်လည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်လာမည်ဖြစ်သည်။

အစားအသောက်မျိုးစုံနှင့် ရောဂါမျိုးစုံဖြစ်ပွားနေသည့် ယနေ့အချိန်တွင် အာဟာရပြည့်ဝပြီး အန္တရာယ်ကင်းသည့် အစားအသောက်များကို သတိရှိရှိစားသုံးခြင်းဖြင့် အန္တရာယ်ဖြစ်စေသည့် အစားအစာများမှ ရရှိလာသည့် နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်ကြရမည်ဖြစ်သည်။ လူမှုနယ်ပယ်အတွင်း ရှင်သန်ရပ်တည်ရာတွင် ကျန်းမာရေးအသိဖြင့် နေထိုင်စားသောက်ကြခြင်းဖြင့် ကျန်းမာပျော်ရွှင်သည့်မိသားစုဘဝများကို ပိုင်ဆိုင်ကာ မိသားစုအကျိုး၊ နိုင်ငံ့အကျိုးများကို သယ်ပိုးထမ်းရွက်နိုင်ကြမည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။ ။

## တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု အရာထမ်းများစွမ်းရည်မြှင့်တင်မှု သင်တန်းဆင်း

**ပုသိမ် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၃ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အရာထမ်းများ စွမ်းရည်မြှင့်တင်မှုသင်တန်းသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဦးကျော် (ညွှန်ကြားရေးမှူး-အငြိမ်းစား)၊ ဦးတင်အေး (တိုင်းအုပ်ချုပ်ရေးမှူး-အငြိမ်းစား)နှင့် ဦးကျော်စန်း (တိုင်းအုပ်ချုပ်ရေးမှူး-အငြိမ်းစား)တို့က ဝန်ထမ်းအဖွဲ့အစည်းများ၏ အခြေခံသဘော၊ ပြည်သူ့ဗဟိုပြုသော ဝန်ထမ်းအဖွဲ့အစည်းစနစ်ပြောင်းလဲရေး၊ ဝန်ထမ်းများ၏ စွမ်းရည်လေ့လာခြင်း၊ ဝန်ထမ်းများ ကျင့်သုံးသင့်သည့် ကိုယ်ကျင့်တရားများ၊ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း (Third Wave) မှ ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းစဉ်များ၊ မြေယာဥပဒေများကို ဆွေးနွေးပို့ချခဲ့ကြပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအေးကျော်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၅**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၉၅၀၀ | - ၆၇၀၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၉၅၀၀ | - ၆၇၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၉၄၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၇၂. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၀၄. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၅၇. ၃၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၀. ၂၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၀၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၅. ၉၆၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၄၇. ၅၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၂၁၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၆. ၅၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀. ၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## ဒဂုံမြို့သစ်(၄)မြို့နယ် ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ စည်းဝေး

**နေပြည်တော် ဩဂုတ် ၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့မြို့နယ် ကနောင်ခန်းမ၌ ကျင်းပသည့် ဒဂုံမြို့သစ် (၄)မြို့နယ်၌ ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ (၁၄/၂၀၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားရာတွင် ဒဂုံမြို့သစ်(၄)မြို့နယ်အတွင်း ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ငန်းအနည်းငယ်သာ ကျန်ရှိပြီး မိုးရာသီ ရန်ကုန်မြစ်၏ အမြင့်ဆုံးမြင့်တက်မည့် ဒီရေတက်မှုအား စောင့်ကြည့်ပြီး အားလုံးဝိုင်းဝန်းကာကွယ်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "ဩကာသရှင်းတမ်း"တရားတော် (ဆရာတော်ဒေါက်တာအရှင်သာမိန္ဒ) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၄၀ | Cartoon Series(Go Torara Go) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု" (အပိုင်း-၃၀) |
| ၁၁း၃၀ | MRTV-4 Stage |
| ၅း၁၅ | Minute to Win It |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၀ | Health Fix |
| ၁၀း၀၀ | သုံးရာသီ Myanmar Music Award အကြိုစကားဝိုင်း |
| ၁၀း၃၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၅၅ | Minute to Win It |
| ၄း၀၅ | World Of Knowledge (Gorilla Murder) |
| ၄း၅၀ | ရွှေခနေတို့ပျော်စံရာဆီးကျအင်း ကျေးရွာမှ လက်ဖက်ခင်းများ |

မင်္ဂလာ (၂)
ဒဂုံစင်တာ(၂) မြေနီကုန်း
ဖုန်း - ၀၉၇၃၂၅၄၀၉၁၊ ၀၉၇၃၂၅၄၀၉၂

ရွှေဆောင်(၁)
ဖုန်း - ၂၅၂၁၁၃၊ ၃၈၈၀၃၄

မင်္ဂလာ စံပြ
ဖုန်း - ၀၉ ၇၃၁၇၆၀၀၀
၀၉ ၇၃၁၇၆၁၁၁
၀၉ ၇၃၁၇၆၂၂၂

မင်္ဂလာဒိုင်းမွန်း
ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး
ဖုန်း-၀၉၄၀၂၇၆၅၆၃၊ ၀၉၄၀၂၇၆၅၆၄၂

မြို့မ အဆင့်မြင့်ရုပ်ရှင်ရုံ
(နံနက်၁၀း၀၀နာရီ)
ဖုန်း-၃၉၁၃၆ ၊ ၃၉၁၃၇

၈·၈·၂၀၁၄
ရက်မှစတင်၍
တစ်ပြိုင်တည်းပြပြီ




ရွှေဆောင်(၂) ဖုန်း - 01370787, 097301704 ၈·၈·၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ



## ပြည်တွင်းရေးရာ

**☆ရန်ကုန်-မန္တလေးမှ**

ယခုနှစ်တွင် အမြန်လမ်းမကြီးတစ်လျှောက်ရှိ တံတား ၂၅ စင်းအား ရှစ်လမ်းသွား တံတားအဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးကြည်ဇော်မြင့်က လမ်းအသုံးပြုသူများ ဘေးကင်း လုံခြုံရေးအတွက် အသိပညာပေးဆောင်ရွက်နေမှု၊ ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်များ လျှော့ချရေး၊ မောင်းနှင်မှု အရည်အသွေးကောင်းမွန်ရေးနှင့် လမ်း၏သက်တမ်းပြည့် အသုံးချနိုင်ရေးတို့အတွက် ဆောင်ရွက်နေမှု၊ လမ်း အသုံးပြုသူများ၏ အကြံပြုချက်များအပေါ် အခြေခံ၍ လမ်းပြုပြင်နေမှု၊ ယာဉ်မတော်တဆမှု ဖြစ်ပွားပါက အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များသို့ အမြန် ဆက်သွယ်ပေးနိုင်သော Call Center ဖွင့်လှစ်ထားမှု၊ အမြန်လမ်းမကြီး ဝဲ/ယာ တစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ အမြန်လမ်းမကြီးကို အသုံး ပြုရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ သိရှိနိုင်ရေးအတွက် ပညာ ပေးဆောင်ရွက်မှုအခြေအနေများနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လမ်းတံတားအင်ဂျင်နီယာများ၏ ကျွမ်းကျင်မှု၊ ပညာရှင်များ၏ အကြံဉာဏ်များ၊ ဆိုင်ရာအဖွဲ့အစည်းများမှ ဘဏ္ဍာငွေဖြည့်ဆည်းမှု၊ နိုင်ငံတကာအကူအညီများ ဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဘေးကင်းလုံခြုံရေးဆောင်ရွက်မှုများ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ယာဉ်အန္တရာယ် မတော်တဆမှုများ လျှော့နည်းကျဆင်းအောင် ဆောင်ရွက် နိုင်သည်ကို တွေ့ရသကဲ့သို့ လမ်းအသုံးပြုသူများ၏ ယုံကြည်ကိုးစားမှုကိုလည်း မြှင့်တင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ လမ်းဘေးကင်းလုံခြုံမှုလုပ်ငန်းစဉ်တွင် ပြည်သူများ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ယာဉ်မောင်း၊ ယာဉ် ပိုင်ရှင်နှင့် ခရီးသည်များ၊ လမ်းအသုံးပြုသူများ၏ ဝေဖန်အကြံပြုချက်များကို တလေးတစား လိုက်နာအကောင်အထည်ဖော်ပေးသွားရန်ဖြစ်ပါကြောင်း။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများတွင် လမ်းတံတားဒီဇိုင်းများ မှန်ကန်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ လက်ရာသေသပ်ခိုင်ခံ့ကောင်းမွန်ရေးတို့ကို အစဉ်တစိုက် ကြပ်မတ်စစ်ဆေးသွား ရန် လိုအပ်ပါကြောင်း၊ လမ်းအသုံးပြုသူများ ဘေးကင်းလုံခြုံရေးအတွက် လမ်း အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ မွမ်းမံထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် လုပ်ငန်းဇယားဖြင့် အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဘောနတ်ကြီး ရှင်းလင်းဆောင်မှ ပြန်လည်ထွက်ခွာကြပြီး မိုင်တိုင်အမှတ်(၄၆/၂)၊ (၅၀/၂)၊ (၆၆/၀)၊ (၇၉/၅) တို့အနီးရှိ တံတားများအား ရှစ်လမ်းသွားတံတားများအဖြစ် တိုးချဲ့ဆောင်ရွက်နေမှု၊ လိုအပ်သည့်နေရာများတွင် ကွန်ကရစ်လမ်းသား ခင်းထားမှုနှင့် လမ်းဘေးတစ်လျှောက် အရိပ်ရလေကာပင်စိုက်ပျိုးဖြစ်ထွန်းမှု များကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၃)က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုင်တိုင်အမှတ်(၁၁၂/၇)အနီးရှိ ကျွဲမကူးတံတား တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်း၊ မိုင်တိုင်အမှတ်(၁၉၇/၅)အနီးရှိ မီးရထားလမ်းကျော်တံတား တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

**မြို့တွင်း တစ်နာရီ**
**မိုင် (၃၀) ထက် ပိုမမောင်းရ**

# အမေရိကန်နိုင်ငံ ချီကာဂိုမြို့အခြေစိုက် အန်ဒါရိုက်ဒါလဘော်ရထရီအင့်(ယူအယ်လ်)မှ အဖွဲ့အားတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အမေရိကန်နိုင်ငံ ချီကာဂိုမြို့အခြေစိုက် အန်ဒါရိုက်ဒါ လဘော်ရထရီအင့်(ယူအယ်လ်)မှ ဒုတိယဉက္ကဋ္ဌနှင့် စီမံကိန်းအရာရှိ အကြီးအကဲဖြစ်သူ မစ္စတာကလိုင်ဒီ ကော့ဖ်မန်းနှင့်အဖွဲ့အား ပြည်ထောင်စု ဝန်ကြီး၏ ရုံးခန်းမ၌ လက်ခံတွေ့ဆုံ ခဲ့သည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ဝန်ကြီးက စံချိန်စံညွှန်းဆိုင်ရာကဏ္ဍ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ စံချိန်စံညွှန်းဥပဒေ များပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ စံချိန် စံညွှန်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း) များအား ယခုနှစ် စက်တင်ဘာလ ကုန်တွင် ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ နည်းပညာကော်မတီ ၁၉ ခု ဖွဲ့စည်း ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ စံချိန်စံညွှန်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း ပြီးချိန်တွင် ကော်မတီအသစ်ဖွဲ့စည်း ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားပြီး မစ္စတာကလိုင်ဒီကော့ဖ် မန်းက ယခုရေးဆွဲနေသော စံချိန် စံညွှန်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်းသည့် လိုအပ်သော အကူ အညီများကို ပေးသွားမည်ဟု ပြော ကြားခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စု ပွဲစဉ်များဖြစ်သည့် နံနက်ပိုင်းပွဲစဉ်များ တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ လေ့ကျင့် ရေးအားကစားကွင်း အမှတ်(၃)၌ အုပ်စု(ဂ)မှ ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာနအသင်း နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ကာ ကွင်းအမှတ်(၄)၌ အုပ်စု(ဃ)မှ အားကစားဝန်ကြီး ဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန အသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းပွဲစဉ်များတွင် ကွင်း အမှတ်(၃)၌ အုပ်စု(ဃ)မှ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအသင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အသင်း အား နှစ်ဂိုး-တစ်ဂိုးနှင့် ကွင်းအမှတ် (၄)၌ အုပ်စု(င)မှ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းက ပြန်ကြားရေးဝန်ကြီး ဌာနအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဩဂုတ် ၆ ရက်ပွဲစဉ်များအဖြစ် နံနက်ပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(င)မှ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ရုံးအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု (စ)မှ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်း၊ ညနေပိုင်းတွင် ကွင်းအမှတ် (၃)၌ အုပ်စု(စ)မှ သာသနာရေးဝန်ကြီး ဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီး ဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု (က)မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက် နှင့် နည်းပညာဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာ မီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

ဘာသာပြန်-ဂျေတီ

### ဂျာမန်ညီနောင်တို့ နည်းပညာကုမ္ပဏီ မြန်မာတွင်တည်ထောင်ရန်ရှိ

ဇူလိုင် ၁၆ ရက်ထုတ် ယူကေအခြေစိုက် သတင်းစာတစ်စောင်ဖြစ်သော Financial Times က ဂျာမန်ညီနောင်သုံးဦးတို့က ထူထောင်ခဲ့သည့် နည်းပညာဆိုင်ရာ Rocket Internet ကုမ္ပဏီအကြောင်းနှင့်ပတ်သက်၍ သတင်းတစ်ပုဒ်ကို အသေးစိတ်ရေးသားတင်ပြခဲ့ရာ ဂျာမန်ညီနောင် သုံးဦးတို့အနက် အော်လီဗာဆမ်ဝေ ဆိုသူသည် Rocket Internet ကုမ္ပဏီ၏ ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး ၎င်း၏ ညီနောင်တို့နှင့်အတူ ယင်းကုမ္ပဏီ လုပ်ငန်းအတွက် စည်းစည်းလုံးလုံးလုပ်ကိုင် ဆောင်ရွက်လျက် ရှိကြကြောင်း၊ ညီနောင်သုံးဦးတို့သည် ၎င်းတို့၏ ပထမဆုံးပူးတွဲကုမ္ပဏီ Alando ကို အမေရိကန် ပြည်ထောင်စုအခြေစိုက် eBay ကုမ္ပဏီသို့ ရောင်းချခဲ့ကြောင်း၊ ယခုအခါ ဂျာမန်ညီနောင်တို့သည် အိန္ဒိယနိုင်ငံတွင် ကုမ္ပဏီတစ်ခု တည်ထောင်လျက်ရှိပြီး အခြားကုမ္ပဏီတစ်ခုကို ရုရှားနိုင်ငံ တွင်လည်းကောင်း၊ တတိယမြောက် ကုမ္ပဏီကို မြန်မာနိုင်ငံတွင်လည်းကောင်း တည်ထောင်ဖွယ်ရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

### ချင်းပြည်နယ်တွင် ပလွေမှုတ် ဆက်သွယ်မှု

ဇူလိုင် ၂၈ ရက်ထုတ်ယူကေသတင်းစာတစ်စောင်ဖြစ်သော The Independent UK က ခြေဟန်လက်ဟန်ဖြင့် ဆက်သွယ်ပြောဆိုမှုကို လူသားအချင်းချင်းဆက်သွယ်မှု၏ တစ်စိတ်တစ်ဒေသအဖြစ်အသုံးပြုမှု ရာခိုင်နှုန်းနှင့်ပတ်သက်၍ ပညာရှင်များ အကြားအမြင်အမျိုးမျိုးရှိကြောင်း၊ သို့ရာတွင်စကားလုံးဖြင့်ဆက်သွယ်ပြောဆိုမှုမှာ အခြားဆက်သွယ်မှုနည်း လမ်းတစ်ခုအဖြစ်သာ လိုအပ်ခြင်းမဟုတ်ကြောင်း၊ စကားလုံးဖြင့်ဆက်သွယ် ပြောဆိုမှုမရှိသည့်တိုင် လူများလမ်းပျောက်ခြင်းအလျဉ်းမရှိသည့် ဒေသ များရှိနေသေးသည်မှာ စိတ်ဝင်စားစရာကောင်းကြောင်း၊ ကာနာရီကျွန်းပေါ်ရှိ လာဂိုမဲရာဒေသတွင် စကားလုံးများအစား လေချွန်ခြင်းကို ဘာသာစကား တစ်မျိုးအဖြစ်အသုံးပြုကြောင်း၊ အလားတူ ဘာသာစကားအသုံးပြုမှုကိုဂရိ၊ တူရကီနှင့် တရုတ်နိုင်ငံတို့တွင်လည်း တွေ့ရှိရကြောင်း၊ အခြားစကားလုံးမဲ့ ဆက်သွယ်မှုနည်းလမ်းများထဲတွင် ကွန်ဂိုနိုင်ငံ ကဲလဲဒေသ၌ ဗုံတီးခြင်းဖြင့် ဆက်သွယ်မှု၊ မြန်မာနိုင်ငံ ချင်းပြည်နယ်မြောက်ပိုင်း၌ ပလွေမှုတ်ခြင်းဖြင့် ဆက်သွယ်မှုနှင့် မဲလင်နီးရှားလူမျိုးများ၏ သစ်မြစ်များ တီးမှုတ်ခြင်းဖြင့် ဆက်သွယ်မှုတို့ပါဝင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

"အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၄-၂၀၁၅ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနိယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ "အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်" ဟူသောဆောင်ပုဒ်နှင့်အညီ တစ်ပတ်ခြားတနင်္လာနေ့တိုင်း ထွက်ခွာရန်စီစဉ်ထားရှိပါသည်။ ရန်ကုန်မှဗုဒ္ဓဂယာသို့လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီးဘုရားဖူးမြော်ကာဗုဒ္ဓဂယာမှ ရန်ကုန်သို့တိုက်ရိုက်ပြန်လာသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်ဇင်မြင့်အောင်ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍ နွေးထွေးသောဝန်ဆောင်မှုများပေးသဖြင့်ဘုရားဖူးများကျေနပ်အားရပီတိဖြစ်ကာစိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်း တဖွဲဖွဲပေးပို့လာသည့်ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန်အဆိုပြုထားသည့်ဘုရားဖူးများ၊ ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသောဓမ္မမိတ်ဆွေများအားအထူးကျေးဇူးတင်ရှိပါသည်။ ထွက်ခွာမည့်ခရီးစဉ်များမှာ-

(၁) ၂၉-၉-၂၀၁၄ (၅) ၂၄-၁၁-၂၀၁၄ (၉) ၁၉-၁-၂၀၁၅ (၁၃) ၁၆-၃-၂၀၁၅
(၂) ၁၃-၁၀-၂၀၁၄ (၆) ၈-၁၂-၂၀၁၄ (၁၀) ၂-၂-၂၀၁၅ (၁၄) ၃၀-၃-၂၀၁၅
(၃) ၂၇-၁၀-၂၀၁၄ (၇) ၂၂-၁၂-၂၀၁၄ (ကျောင်းပိတ်ရက်) (၁၁) ၁၆-၂-၂၀၁၅ (၁၅) ၁၃-၄-၂၀၁၅ (သင်္ကြန်ပိတ်ရက်)
(၄) ၁၀-၁၁-၂၀၁၄ (၈) ၅-၁-၂၀၁၅ (၁၂) ၂-၃-၂၀၁၅

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။ မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁ သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သင်ဇင်မြင့်အောင်

**တောတောင်စိမ်းမှ စမ်းရေရ၏**

# ဂါဇာ၌ တိုက်ခိုက်မှုအဆုံးသတ်ရန်ရည်ရွယ်၊ အပစ်အခတ်ရပ်စဲရေး အစ္စရေးနှင့် ဟားမားစ်အဖွဲ့ လက်ခံ

ဂါဇာ ဩဂုတ် ၅

**ဂါဇာကမ်းမြောင်ဒေသ၌ ရက်သတ္တပတ်လေးပတ်ကြာမျှ တိုက်ခိုက်မှုအဆုံးသတ်စေရန်ရည်ရွယ်လျက် အပစ်အခတ်ရပ်စဲကြရန် အီဂျစ်နိုင်ငံ၏ အဆိုပြုချက်ကို အစ္စရေးနှင့်ဟားမားစ်အဖွဲ့တို့က ဩဂုတ် ၄ ရက်တွင် သဘောတူညီလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။**

အီဂျစ်နိုင်ငံ၏ အဆိုပြုချက်အရ ၇၂ နာရီကြာ အပစ်အခတ်ရပ်စဲမှုကို ဩဂုတ် ၅ ရက် ဂရင်းနစ်စံတော်ချိန် ၅ နာရီတွင် စတင်ရန်ဖြစ်သည်။ အပစ်အခတ်ရပ်စဲထားချိန်အတွင်း အစ္စရေးနှင့် ပါလက်စတိုင်း ကိုယ်စားလှယ်များ မြို့တော်ကိုင်ရိုတွင်တွေ့ဆုံကာ ကာလရှည်သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးကြရန်ဖြစ်သည်။



အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဂါဇာတွင် အဆောက်အအုံများ ပျက်စီးနေသည်ကို တွေ့ရစဉ်။

ဟားမားစ်နှင့် အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့တို့မှ အထူးသံတမန်များ အပါအဝင် ပါလက်စတိုင်းအုပ်စုများသည် မြို့တော်ကိုင်ရို၌ အီဂျစ်ထောက်လှမ်းရေးအကြီးအကဲနှင့် တွေ့ဆုံခဲ့ပြီး အကြမ်းဖက်မှုအဆုံးသတ်စေမည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲရန် ညှိနှိုင်းခဲ့ကြသည်။

အီဂျစ်နိုင်ငံ၏ အဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟူ၏ လုံခြုံရေးဆိုင်ရာ ကက်ဘိနက်အဖွဲ့က သဘောတူညီခဲ့ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူပင် အီဂျစ်၏အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ဟားမားစ်အဖွဲ့က လက်ခံကြောင်း ဟားမားစ်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဆာမိအဆူဇူဟာရီက ပြောကြားသည်။ **ရိုက်တာ။**

# ယူကရိန်း ပဋိပက္ခကိုဖြေရှင်းရန် ဖိအားပေး လူပုဂ္ဂိုလ် ၄၀ နှင့် အုပ်စုနှစ်စုကို ဂျပန်ဒဏ်ခတ်

တိုကျို ဩဂုတ် ၅

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ မတည်မငြိမ်ဖြစ်စေခြင်းနှင့် ကရိုင်းမီးယားဒေသကို ရုရှားပိုင်နက်နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့ခြင်းတို့နှင့် ပတ်သက်၍ ဆက်နွှယ်မှုရှိသော လူပုဂ္ဂိုလ် ၄၀ နှင့် အုပ်စုနှစ်စုတို့ကို ဂျပန်နိုင်ငံက ဒဏ်ခတ်အရေးယူမည်ဖြစ်ကြောင်း ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယူကရိန်းပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ရုရှားနိုင်ငံက ခွဲထွက်ရေးဝါဒီများအား ဖိအားပေးစေရန် ဂျပန်နိုင်ငံက အနောက်အုပ်စုနိုင်ငံများနှင့်အတူ ဘဏ္ဍာရေးဆိုင်ရာ အရေးယူမှုများကို ပြုလုပ်သွားရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ရုရှားလိုလား ပုဂ္ဂိုလ်များကို ဂျပန်နိုင်ငံက အရေးယူဒဏ်ခတ်မည်ဖြစ်ပြီး ၎င်းတို့တွင် ယူကရိန်းသမ္မတဟောင်း ဗစ်တာယာနူကိုဗစ်ချ်နှင့် ကရိုင်းမီးယားသမ္မတနိုင်ငံ၏ ခေတ္တအကြီးအကဲဆာဂေးအက်ရှ်ယိုနော့တို့ ပါဝင်ကြသည်။

ကရိုင်းမီးယားဒေသမှ ထုတ်ကုန်များကို တင်သွင်းရန် ဆန္ဒရှိကြသော ကုမ္ပဏီများသည် ဂျပန်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ကို ရယူရန်လိုအပ်ကြောင်း ဝန်ကြီးအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဟီဒါဆူဂက ပြောကြားသည်။

ယူကရိန်းပဋိပက္ခကို သံတမန်ရေးအရ အဖြေရှာနိုင်စေရန် ဂျပန်အစိုးရအဖွဲ့က ဂျီ-၇ နိုင်ငံများနှင့်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများနှင့်လည်းကောင်း လက်တွဲကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ရုရှားနိုင်ငံသား ၂၃ ဦးအား ပြည်ဝင်ဗီဇာထုတ်ပေးမှုကိုလည်း ငြင်းဆန်ခဲ့ပြီးဖြစ်သည်။**ရိုက်တာ။**

# ကာ့ဒ်တပ်ဖွဲ့များကို အီရတ်လေတပ်ကူညီရန် ဝန်ကြီးချုပ်မာကီလီ ပထမဆုံးအကြိမ်အမိန့်ပေး

ဘဂ္ဂဒက် ဩဂုတ် ၅

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ထိုးစစ်ဆင်တိုက်ခိုက်နေသည့် ဆွန်နီစစ်သွေးကြွလက်နက်ကိုင်များအား ဆန့်ကျင်တိုက်ခိုက်နေသည့် ကာ့ဒ်တပ်ဖွဲ့များကို အီရတ်လေတပ်က ကူညီတိုက်ခိုက်ပေးရန် ဝန်ကြီးချုပ် နူရီအယ်လ်မာကီလီက ပထမဆုံးအကြိမ် အမိန့်ပေးလိုက်ကြောင်း အီရတ်အစိုးရရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

အစ္စလာမ့်စ်နိုင်ငံထူထောင်ကြောင်း ကြေညာခဲ့သည့် ဆွန်နီစစ်သွေးကြွများက သိမ်းပိုက်ခဲ့သော ခရိုင်တစ်ခုအတွင်းမှ သောင်းနှင့်ချီသောပြည်သူများ ထွက်ပြေးခဲ့ရပြီး ယင်းဒေသဝန်းကျင်တွင် စစ်သွေးကြွများက ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း ကုလသမဂ္ဂက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။ ဆွန်နီစစ်သွေးကြွများသည် ၎င်းတို့သိမ်းပိုက်ရာဒေသအတွင်းမှ ပြည်သူများအား ဖမ်းဆီးကာ သတ်ဖြတ်ကွပ်မျက်လေ့ရှိသည်။

ကာ့ဒ်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပက်ရှ်မာဂါတိုက်ခိုက်ရေးသမားများသည် ဆက်ဒမ်ဟူစိန်၏ အီရတ်တပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ဖူးသည့် စစ်ရေးအတွေ့အကြုံကောင်းများရရှိထားသည်။ ၎င်းတပ်ဖွဲ့ဝင်များသည် အင်အားသေးငယ်သော်လည်း ဆွန်နီစစ်သွေးကြွလက်နက်ကိုင်တပ်ဖွဲ့များအား ကောင်းစွာ ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းရှိသောတပ်ဖွဲ့အဖြစ် အများက ရှုမြင်ထားကြသည်။

ဇွန်လအတွင်းက အီရတ်နိုင်ငံမြောက်ပိုင်း၌ ဆွန်နီလက်နက်ကိုင်များက အချိန်တိုအတွင်း နယ်မြေအများအပြားကို တိုက်ခိုက်သိမ်းပိုက်ခဲ့ရာတွင် အမေရိကန်၏လေ့ကျင့်ပေးမှုဖြင့် ပျိုးထောင်ထားသည့် အီရတ်တပ်ဖွဲ့များက ဆွန်နီလက်နက်ကိုင်များအား ခုခံတိုက်ခိုက်နိုင်စွမ်း မရှိခဲ့ပေ။ **ဘီဘီစီ။**

# ယူကရိန်းတပ်ဖွဲ့ဝင် ၄၀၀ ကျော် ရုရှားနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်

မော်စကို ဩဂုတ် ၅

**ယူကရိန်းတပ်ဖွဲ့ဝင် ၄၀၀ ကျော်သည် ရုရှားနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း ရုရှားနယ်ခြားစောင့်တပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။**

ရုရှားနယ်မြေအတွင်းသို့ ယူကရိန်းတပ်ဖွဲ့ဝင်များ အဘယ်ကြောင့်ဝင်ရောက်ခဲ့သည်ကို မသိရသေးကြောင်း၊ ယူကရိန်းတပ်ဖွဲ့နှင့်ပတ်သက်၍ သတင်းအမျိုးမျိုးပေါ်ထွက်နေကြောင်း အင်တာဖက်စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။



ယူကရိန်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော ရုရှားနယ်စပ်ဒေသ စစ်ဆေးရေးစခန်းတစ်ခုကို တွေ့ရစဉ်။

အဆိုပါတပ်ဖွဲ့ဝင်များသည် ထွက်ပြေးလာသူများဖြစ်ကြပြီး ရုရှားဘက်မှ လုံခြုံမှုရှိသော စင်္ကြံလမ်းတစ်လမ်းကို ဖွင့်ပေးထားကြောင်း၊ ၎င်းတို့သည် ခဲယမ်းမီးကျောက်ပြတ်လပ်သွားပြီးနောက် ခွဲထွက်ရေးသမားများ၏ ပစ်ခတ်မှုမှ ရှောင်ရှားနိုင်ရန် ရုရှားနယ်မြေအတွင်းသို့ ဖြတ်သန်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယူကရိန်းတပ်ဖွဲ့ဝင် ၄၃၈ ဦး ရုရှားပိုင်နက်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ ၎င်းတို့၏ အသက်အန္တရာယ်လုံခြုံရေးအတွက် မိမိတို့က ခွင့်ပြုပေးခဲ့ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဌာနအောက်ရှိ နယ်ခြားဒေသကင်းလှည့်စောင့်ကြပ်ရေးအဖွဲ့ အကြီးအကဲ မာလာယက်ဗ်က အင်တာဖက်စ်သတင်းဌာနသို့ ပြောကြားသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဝေဖန်ပြောကြားခြင်းမရှိပေ။

ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ဧပြီလမှစ၍ တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် ယခုအချိန်အထိ အရပ်သား ၁၁၂၉ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ **ရိုက်တာ။**



# လစ်ဗျားရောက် အိန္ဒိယသူနာပြုများ မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

ကိုချီ ဩဂုတ် ၅

တိုက်ခိုက်မှုများဖြစ်ပွားနေသည့် လစ်ဗျားနိုင်ငံ တစ်နေရာတွင် ဖမ်းဆီးခံခဲ့ရသည့်အဖွဲ့ဝင်ဦးရေ ၄၀ ကျော် ပါဝင်သော အိန္ဒိယသူနာပြုအဖွဲ့တစ်ဖွဲ့သည် ဩဂုတ် ၅ ရက်တွင် မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လစ်ဗျားနိုင်ငံမှ ဆေးရုံအသီးသီးတွင် အလုပ်လုပ်ကိုင်ခဲ့ကြသော သူနာပြုများသည် လွန်ခဲ့သောနှစ်ရက်က တူနီးရှားနိုင်ငံသို့ ဆိုက်ရောက်လာခဲ့ကြပြီး ယင်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ကေရာလာပြည်နယ် ကိုချီလေဆိပ်သို့ ဆိုက်ရောက်လာခြင်းဖြစ်သည်။

အာဖရိကတိုက် မြောက်ပိုင်းဒေသရှိ လစ်ဗျားနိုင်ငံတွင် မကြာသေးမီရက်သတ္တပတ်များအတွင်းက လက်နက်ကိုင်ပြိုင်ဘက်အုပ်စုများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ပြည်သူများ ရာချီသေဆုံးခဲ့ရသည်။

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီနှင့် ဘင်ဂါဇီမြို့များတွင် အိန္ဒိယလူမျိုးလုပ်သား ၁၀၀၀ကျော် အလုပ်လုပ်နေကြသည်။

အိန္ဒိယသူနာပြုအချို့သည် လစ်ဗျားနိုင်ငံအတွင်း ယခုတိုင်ရှိနေဆဲဖြစ်ပြီး လာမည့်ရက်အနည်းငယ်အတွင်း လွတ်မြောက်လာလိမ့်မည်ဟု တာဝန်ရှိသူက ပြောကြားသည်။ လစ်ဗျားနိုင်ငံအတွင်း ပိတ်မိခံရသော သူနာပြုအများစုမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလာပြည်နယ်မှဖြစ်သည်။

ယခုလအစောပိုင်းကလည်း တိုက်ခိုက်မှုများဖြစ်ပွားနေသည့် အီရတ်နိုင်ငံတွင် ပိတ်မိနေသော အိန္ဒိယလူမျိုးသူနာပြု ၄၆ ဦးပါ အဖွဲ့တစ်ဖွဲ့ကို နေရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ဩဂုတ် ၅ ရက် နံနက်တွင် ပြန်လည်ရောက်ရှိလာသည့် သူနာပြုအဖွဲ့တွင် ၄၄ ဦး ပါဝင်ကြောင်း၊ ၎င်းတို့သည် လစ်ဗျားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမား ၁၂၀တွင်ပါဝင်ကြောင်း၊ လစ်ဗျားရောက် အိန္ဒိယလုပ်သားများမှာလည်း မိခင်နိုင်ငံသို့ ပြန်လာရန်ဆန္ဒရှိကြောင်း ကေရာလာပြည်နယ်မှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကေရာလာပြည်နယ်ဝန်ကြီးချုပ် အိုမန်ချန်ဒီသည် လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်းက လစ်ဗျားရောက် အိန္ဒိယလုပ်သားများ ပြန်လည်ထွက်ခွာရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူရှာမာဆာဝါရပ်ချ်အား မေတ္တာရပ်ခံခဲ့သည်။ **ဘီဘီစီ။**



ဩဂုတ်လအစောပိုင်းက အီရတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသော အိန္ဒိယသူနာပြုများကို ကေရာလာလေဆိပ်၌ တွေ့ရစဉ်။

# မျက်စိဝေဒနာရှင်များ အခမဲ့ကုသမှုခံယူနိုင်ရန် သီတဂူအာယုဒါန မျက်စိဆေးခန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၅

**မျက်စိဝေဒနာရှင်များ အခမဲ့ကုသမှုခံယူနိုင်ရန် သီတဂူအာယုဒါန မျက်စိဆေးခန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ (သံဃာ့ဆေးရုံ)၌ ဖွင့်လှစ်ပေးခဲ့ပြီး ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ ရန်ကုန်၊ ပျဉ်းမနားတို့မှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် သီတဂူဆေးရုံမှ ဆရာဝန်ကြီးများက စမ်းသပ်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။**

သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက အဆိုပါ ဆေးခန်းအတွက် အမေရိကန်ဒေါ်လာ ၈၀၁၂၄ တန်ဖိုးရှိ မျက်စိစမ်းသပ်ရေးနှင့် ခွဲစိတ်ကိရိယာများအပြင် ဆက်စပ်ဆေးဝါးနှင့်ဆေးပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါဆေးခန်းကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးလှထွန်း၊ ဒေါက်တာသန်းအောင်နှင့် သီတဂူအာယုဒါနအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းတို့က ဖွင့်လှစ်ပေးခဲ့ပြီး သီတဂူဆရာတော်ကြီးနှင့်အတူ ကုသမှုခံယူကြသည့် မျက်စိဝေဒနာရှင်များအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။**(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဈေးကုန်းကျောင်းတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြ၍ သီတဂူဆရာတော်ကြီး၏ အာယုဒါနမျက်စိဆေးခန်းအကြောင်း ဩဝါဒကထာနာယူကြသည်။

မျက်စိဝေဒနာရှင်များအား မျက်စိရေတိမ်၊ အတွင်းတိမ်နှင့် မျက်စိအတွင်း မှန်ဘီလူးထည့်၍ ကုသပေးခြင်းတို့အပြင် ကူးစက်ရောဂါကြောင့်ဖြစ်သည့် မျက်စိကျိန်းခြင်းကိုပါ ကုသပေးလျက်ရှိကြောင်း၊ အသက်ကြီး၍ဖြစ်လာသော မျက်စိဝေဒနာများနှင့် ချက်ချင်းပြန်မြင်နိုင်သည့် မျက်စိဝေဒနာများကို အဓိကထားကုသပေးနေကြောင်း၊ ကျန်ရှိသည့်မျက်စိဝေဒနာရှင်များကိုလည်း လိုအပ်သည့်ဆေးဝါးများပေး၍ ကုသပေးလျက်ရှိကြောင်း သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာပေါ်မြင့်ဦးထံမှ သိရသည်။

ထို့အတူ သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိုးက ယခုမျက်စိဝေဒနာရှင်လူနာ ၂၆ ဦး ခွဲစိတ်ပြီးဖြစ်ကြောင်း၊ ယနေ့လာရောက်စမ်းသပ်သည့် လူနာ ၃၀၀ ကျော်ရှိကြောင်း၊ လာရောက်ပြသသည့် ဝေဒနာရှင်များအား မျက်စိဝေဒနာအခြေအနေပေါ်မူတည်၍ ခွဲစိတ်ကုသသင့်သည့်လူနာအား ခွဲစိတ်ပေးလျက်ရှိကြောင်း၊ စမ်းသပ်ကိရိယာစက်အသစ်ကြီးများနှင့် ကုသဆောင်ရွက်ပေးနေသည့်အတွက် ယုံကြည်စွာလာရောက်ပြသရန် မျက်စိဝေဒနာရှင်များအား ဖိတ်ခေါ်ပါကြောင်း ရှင်းပြသည်။



ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ(သံဃာ့ဆေးရုံ)၌ ဖွင့်လှစ်ထားသော သီတဂူအာယုဒါနမျက်စိဆေးခန်းသို့ ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ လာရောက်ပြသည့် မျက်စိဝေဒနာရှင် ၁၂၃၉ ဦးရှိပြီး ခွဲစိတ်ရန် လျာထားသည့်ဦးရေ ၂၅၉ ဦးရှိကြောင်းနှင့် ဩဂုတ် ၉ ရက်အထိ စမ်းသပ်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပထမအကြိမ် ပဲအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာ ကျောင်းတိုက်၌ ဩဂုတ် ၄ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသော ပထမအကြိမ် ပဲအလှူတော် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး အလှူရှင်များနှင့်အတူ ဆရာတော် အရှင်သူမြတ်များအား



ဆွမ်းပဲများ လောင်းလှူကြသည်။

ဆက်လက်၍ ပဲအလှူတော် ရေစက်ချ မင်္ဂလာအခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အလှူရှင်များက စစ်ကိုင်းတောင်ရိုး ဇေယျသိမ်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံသို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး**(ဝဲပုံ)** လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသော IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ၏ ပဲအလှူတော်သည် စစ်ကိုင်းတောင်ရိုးနှင့် မင်းကွန်းဒေသတွင် ဝါဆိုတော်မူသော သံဃာတော်များ၊ သီလရှင်များအား ဝါတွင်းကာလဆွမ်းဟင်း လုံလောက်မှုရှိစေရေးအတွက် ပဲအလှူပေးခြင်းဖြစ်ကြောင်း၊ ပဲအလှူတော်အား နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်အတွင်း ပဲအလှူတော်တွင် ရွှေနဂါးမင်းကုမ္ပဏီနှင့် IBEC တပည့်သာဝကအပေါင်းတို့က ပဲအိတ်ပေါင်း ၁၅၀၀ အား မတည်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

**နေပြည်တော် ဩဂုတ် ၅**

ဧရာဝတီမြစ်ကူး အနော်ရထာတံတား (ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၄ ခုနှစ် ဩဂုတ် ၇ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄)နှင့် (၅)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါအစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်လိုအပ်ပါသည်။ ပြောင်းလဲမည့် ရေလမ်းသည် တံတား၏အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်တွင် တံတားအား လုံးဝဖြတ်သန်းခြင်းမပြုရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

သချာအောင်သင်း
ကျော်ဝင်းခွင့်
ဒုအကောက်ခွန်မှူးရာထူးဝင်ခွင့်သီးသန့်
နိုင်ငံခြားရေး(တတိယအတွင်းဝန်)ကော်မရှင်ရုံး
သင်တန်းများဖွင့်ပြီ၊အောင်ချင်ရင်လာခဲ့
၁၀၃၊ အနော်ရထာလမ်းမကြီး၊ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:01-389370,09421042332,09420005131

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

Car Wanted to Purchase Immediately
Toyota (Japan made)- Mark or, Crown, White Colour; Model – 2004 to 2008; Less than 2500 CC; Delivery Period two weeks; 1 year warranty; one spare tyre, tool set, jump leads and jack accessories required. Interested Car Sellers are requested to submit their offer in a sealed envelope before 12 August, 2014 to: Trocaire Myanmar Office, No. 129, Building A, Room. A021, 2nd Floor, Shwe Pyi Aye Condo, Bar Gayar Road, Sanchaung Township, Yangon. Ph: 01-304799, For detailed information, contact Ms. Aye Thu Myint; Ph: 09 73075416, email: amyint@trocairecam.org , အထက်ဖော်ပြပါ ကားအမျိုးအစား အား ရောင်းချ ရန်ရှိပါက ကား၏ အချက်အလက် အပြည့်အစုံအား စာအိတ်အတွင်း ထည့်သွင်းပြီး ဖော်ပြပါ လိပ်စာသို့ 12 August, 2014 နောက်ဆုံးထား၍ ပေးပို့ပေးပါရန် ဖော်ပြအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက 01 230 4799, 09 73075416 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)
လွင်မြင့်အောင် အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်
အကျိုးအာနိသင်
အသားအရေတင်းရင်းလှပစေခြင်း၊
အရေးအကြောင်းများလျော့ပါးစေခြင်း၊
အနာကျက်မြန်စေခြင်း၊
သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
သွေးကြောများကြံ့ခိုင်မှုကို ကူညီထိန်းသိမ်း ပေးခြင်း၊
ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
လန်းဆန်းခွန်အားဖြစ်စေခြင်း၊
ဆီးရွှင်ခြင်း၊
မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီးရယ်(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd
ကျွမ်းကျင်ဝန်ထမ်းပေါင်း(၅၀)ကျော်ဖြင့် Customer ပေါင်း(၁၀၀၀)ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Website : www.galaxy.com.mm
Contact Us ...
YGN 09-254151516, 09-73138079, 09-43064181
MDY 09-31406813, 09-91050973

**မြန်မာ** နိုင်ငံအနေဖြင့် အာဆီယံသို့ဝင်ရောက်ခဲ့ပြီး (၁၇)နှစ်အကြာတွင် အာဆီယံကို ဦးဆောင်ဦးရွက်ပြုမည့် အာဆီယံဥက္ကဋ္ဌရာထူးကို ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၄ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဥက္ကဋ္ဌဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အာဆီယံကို ငြိမ်းချမ်းသာယာဝပြော၍ စည်းလုံးညီညွတ်မှုရှိစေလိုသည့် ဆန္ဒရှိသလို တိုးတက်သော ရှေ့သို့ချီတက်နေသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ဖြစ်ပေါ်စေလိုသည့် ဆန္ဒရှိပါသည်။ သို့ဖြစ်၍လည်း မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌဆောင်ပုဒ်ကို "ရှေ့သို့တူညီတက်လှမ်းချီ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဟု သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

# ရှေ့သို့တူညီ တက်လှမ်းချီမည့် အာဆီယံ

**အောင်ထူး**

အာဆီယံအဖွဲ့ကြီးကိုကြည့်လျှင် သမိုင်းမှတ်တိုင်ပေါင်းများစွာ ဖြတ်ကျော်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အာဆီယံသည် နိုင်ငံခြားရေးဝန်ကြီးများခေါင်းဆောင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် အာဆီယံနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှစတင်ခဲ့သည်။ သို့သော်လည်း ၁၉၇၆ ခုနှစ်တွင် အာဆီယံသည် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုကိုပါ ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် ပထမဆုံးအကြိမ် ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးမှ သတ်မှတ်ခဲ့ကြပါသည်။ အာဆီယံ၏ နိုင်ငံရေးအခြေခံမှုအဖြစ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အာဆီယံ၏ နိုင်ငံရေးဆိုင်ရာ အခြေခံမှုဖြစ်သည့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သည် ယခုအခါ ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက လေးစားလိုက်နာပါမည်ဟု ကတိကဝတ်ပြုထားသည့်စာချုပ်တစ်ရပ်ဖြစ်လာပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား လေးစားရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်းရေးများကို ဝင်ရောက်မစွက်ဖက်ရေး၊ စာချုပ်ဝင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အင်အားအသုံးမပြုရေး၊ အင်အားအသုံးပြု၍ မခြိမ်းခြောက်ရေးစသည်များကို လက်ခံထားပြီးဖြစ်ပါသည်။

၁၉၉၂ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးပေါင်းစည်းမှု၏ အခြေခံအဖြစ် အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုဧရိယာကို စတင်ထူထောင်နိုင်ခဲ့ကြပြီး ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့အချင်းချင်း အကောက်အခွန်တံတိုင်းများဖြင့် ကုန်သွယ်ရေးတားဆီးမှုများကို ဖယ်ရှားနိုင်ခဲ့ကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကောက်အခွန်များကို ငါးရာခိုင်နှုန်းမှ သုည ရာခိုင်နှုန်းအထိ လျှော့ချလျက် လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ကြပြီဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းလွတ်လပ်စွာ ကုန်သွယ်မှုဧရိယာ၏ အကျိုးကျေးဇူးများကို ခံစားရသည်ဖြစ်ရာ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စသည်တို့မှ ကုန်စည်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ကြပြီ ဖြစ်ပါသည်။ ဝန်ဆောင်မှုများတွင် အတားအဆီးများလျှော့ချမှုကြောင့် အာဆီယံနိုင်ငံများမှ ခရီးသည် အများအပြားလာရောက်လည်ပတ်ကြသည့်နည်းတူ ယခင်ကအိပ်မက်ပင် မမက်ခဲ့ဖူးသည့် အာဆီယံနိုင်ငံများသို့ မြန်မာနိုင်ငံမှ ခရီးသည်များ ဈေးနှုန်းသက်သာစွာဖြင့် သွားရောက်လည်ပတ်နိုင်မှုအကျိုးများကိုလည်း ခံစားလာရပါသည်။

အာဆီယံ၏ အဓိကအကျဆုံး ရဲရင့်သည့် ဆောင်ရွက်မှုမှာ အာဆီယံထူထောင်သည့် အနှစ်(၃၀)မြောက် အခါသမယတွင် ခရစ်နှစ် ၂၀၂၀ အာဆီယံမျှော်မှန်းချက်ကို ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အာဆီယံမျှော်မှန်းချက် ၂၀၂၀ သည် အာဆီယံကို ပြင်ပသို့မျှော်ကြည့်သော နိုင်ငံရေးအားဖြင့် တည်ငြိမ်အေးချမ်းသော၊ စီးပွားရေးအားဖြင့် တွန်းအားရှိတိုးတက်သော၊ လူမှုရေးအားဖြင့် ဖြူစင်မှုဂရုစိုက်တရားထွန်းကားပြီး အချင်းချင်းကူညီစောင့်ရှောက်တတ်သော တက်ညီလက်ညီရှိသည့် အာဆီယံအသိုက်အဝန်းအဖြစ် မျှော်မှန်းခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းအာဆီယံမျှော်မှန်းချက်သည် တစ်ခုတည်းသော အသိုက်အဝန်းဖြစ်လာမည့် အာဆီယံနိုင်ငံများအတွက် ဦးတည်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်လေသည်။

ယင်းဦးတည်ချက်များနှင့်အညီ အာဆီယံကို နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင်များပါဝင်သည့် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ၂၀၂၀ ခုနှစ်တွင် အပြီးထူထောင်ရန် ၂၀၀၃ ခုနှစ်တွင် အာဆီယံနိုင်ငံခေါင်းဆောင်များက ချမှတ်ခဲ့ကြပါသည်။

အာဆီယံသည် တစ်သီးတခြားတည်းရပ်တည်နေသည့်အဖွဲ့အစည်းမဟုတ်ဘဲ နိုင်ငံတကာ အသိုက်အဝန်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ယှဉ်တွဲရပ်တည်လျက်ရှိရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ထောင်စုနှစ်ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်အတွက် ရည်မှန်းဆောင်ရွက်လာရာ အာဆီယံနိုင်ငံများသည်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်များဖြစ်သည်နှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်များကိုလည်း ထည့်သွင်းစဉ်းစားလာရပါသည်။ သို့ဖြစ်၍ ၂၀၀၇ ခုနှစ်တွင် ၂၀၂၀ ခုနှစ်များအတွက် ရည်မှန်းခဲ့သည့် အာဆီယံအသိုက်အဝန်း ထူထောင်မှုမျှော်မှန်းချက်ကို ၂၀၁၅ ခုနှစ်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ အာဆီယံအသိုက်အဝန်းကို စောစီးအောင်မြင်စွာ ထူထောင်နိုင်ခြင်းအားဖြင့် အာဆီယံနိုင်ငံသားများအနေဖြင့် အာဆီယံအသိုက်အဝန်းမှ အကျိုးကျေးဇူးများကို ဆောလျင်စွာ ခံစားရနိုင်စေရန်လည်း ရည်ရွယ်ခဲ့ပါသည်။

နေပြည်တော်ကြေညာစာတမ်းသည် အာဆီယံအသိုက်အဝန်းထူထောင်မှုကို နောက်ဆုံးတွန်းအားပေးတပ်လှန့်သည့် ကြေညာစာတမ်းတစ်ခုဖြစ်ပါသည်။ အာဆီယံကို ဗဟိုအချက်အချာကျသည့်အဖွဲ့အစည်းဖြစ်စေရေး၊ ခိုင်မာသည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်စေရေး၊ ပြည်သူကို အခြေခံသည့်အဖွဲ့အစည်းတစ်ခုဖြစ်စေရေးအတွက် အာဆီယံ အသိုက်အဝန်းအောင်မြင်စွာ ထူထောင်နိုင်မှုသည် အဓိကကျသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ လက်ရှိအခြေအနေတွင် အာဆီယံအသိုက်အဝန်းထူထောင်မှုသည် အရေးအကြီးဆုံးလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။

အာဆီယံသည် ရှင်သန်ထွန်းကားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အားလျော်စွာ အာဆီယံအသိုက်အဝန်းထူထောင်မှုသည် အာဆီယံ၏ တစ်ခုတည်းသော အဆုံးစွန်ရည်မှန်းချက်တစ်ခုသာမဟုတ်ပါ။ ယင်းအသိုက်အဝန်းကိုလည်း ဆက်လက်အခွန့်ရှည်တည်တံ့၍ နိုင်ငံတကာမှအားထားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန် အစဉ်ကြိုးပမ်းနေရမည်ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းပေါ်ထွန်းလာပြီးသည့်နောက်တွင် အာဆီယံအနေဖြင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ မျှော်မှန်းချက်ကို ထပ်မံချမှတ်ရန် လိုအပ်မည်ဖြစ်ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ဘရူနိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၅ ခုနှစ်အလွန်မျှော်မှန်းချက်များကို ချမှတ်ရန် အာဆီယံညှိနှိုင်းမှုကောင်စီကို အာဆီယံနိုင်ငံခေါင်းဆောင်များက တာဝန်ပေးအပ်ခဲ့ကြပါသည်။

အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန်မျှော်မှန်းချက်နှင့်ပတ်သက်၍ ကဏ္ဍသုံးခုစလုံးမှ အာဆီယံအဆင့်မြင့်အရာရှိကြီးများက အာဆီယံညှိနှိုင်းမှုကောင်စီလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ယင်းအာဆီယံညှိနှိုင်းမှုကောင်စီလုပ်ငန်းအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်တွင် ၂၀၁၄ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို ရယူထားသည်ဖြစ်ရာ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များ ချမှတ်နိုင်မှုအတွက် အခြေခံအချက်များ (Central Elements) ချမှတ်မှုကို မြန်မာနိုင်ငံမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်ချမှတ်မှုဆိုင်ရာ အာဆီယံညှိနှိုင်းမှုကောင်စီ လုပ်ငန်းအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံညှိနှိုင်းမှုကောင်စီ၏ လုပ်ငန်းအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အာဆီယံထိပ်သီးအစည်းအဝေး မတိုင်မီ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ၏ အစည်းအဝေးသို့ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်များ၏ အခြေခံအချက်များကို တင်ပြရမည်ဖြစ်ပါသည်။

အာဆီယံဒေသတွင်းရှိ ပြည်သူအားလုံးကို အကျိုးပြုနိုင်သော လက်ရှိဒေသတွင်းနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်သော အခြေခံအချက်များကိုချမှတ်နိုင်ရန် အရေးကြီးလှပါသည်။ တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂအဖွဲ့ကြီးက UN Development Agenda ကို ရေးဆွဲချမှတ်လျက်ရှိရာ အာဆီယံအနေဖြင့်လည်း အဆိုပါ ကုလသမဂ္ဂမျှော်မှန်းချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ မျှော်မှန်းချက်အခြေခံအချက်များကို ပြည်သူကို ဦးတည်သော စည်းမျဉ်းကို အခြေပြုသည့် အသိုက်အဝန်းဖြစ်ရေး၊ ကျစ်လျစ်ခိုင်မာပြီး ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို ဦးတည်သော အာဆီယံ၏ အချက်အချာကျမှုကို ထိန်းသိမ်းလျက် အရှေ့အာရှနှင့် အာရှပစိဖိတ်ဒေသတွင်း အဖွဲ့အစည်းများနှင့်ပါ ပေါင်းစည်းဆောင်ရွက်နိုင်ရန် စသည်တို့ပေါ်တွင် အခြေခံ၍ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းပေါင်းစပ်ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါသည်။ အချို့အာဆီယံနိုင်ငံများအနေဖြင့် လာမည့် ၂၀၃၀ ခုနှစ်တွင် အာဆီယံဒေသကြီး၏ ဆင်းရဲမွဲတေမှုကို တစ်ဝက်တိတိ လျှော့ကျရေး၊ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန် (ဂျီဒီပီ)ကို နှစ်ဆမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျော့နည်းရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ အစားအသောက်၊ သောက်သုံးရေနှင့် စွမ်းအင်ဖူလုံရေး၊ အာဆီယံပြည်သူများအား ကျန်းမာရေးနှင့် အလယ်တန်းအဆင့်ပညာရေးလွှမ်းခြုံမှုပေးနိုင်ရေး၊ မူးယစ်ကင်းစင်သော ဒေသဖြစ်ရေးနှင့် ကောင်းမွန်သော အစိုးရစနစ်များ ရှင်သန်ထွန်းကားရေးတို့အပေါ် ဦးတည်မျှော်မှန်းသွားမည်ဖြစ်ပါသည်။

ယင်းအခြေခံအချက်များအပေါ် မူတည်၍ ၂၀၁၅ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံလက်ထက်တွင် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကို ချမှတ်မည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်သည် အာဆီယံအသိုက်အဝန်းပေါ်ပေါက်လာပြီးနောက် ပထမဦးဆုံးချမှတ်မည့် မျှော်မှန်းချက်ဖြစ်သဖြင့် အာဆီယံအသိုက်အဝန်းအောင်မြင်ရေးတွင် အဓိကအရေးပါလှပါသည်။ ယင်းမျှော်မှန်းချက်၏ အဓိကအချက်များကို မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် အပြီးသတ်ချမှတ်ရမည်ဖြစ်ရာ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူမှု၏ အဓိကလုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွက် များစွာဂုဏ်ယူဖွယ်ဖြစ်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

> *အာဆီယံ၏ နိုင်ငံရေးဆိုင်ရာ အခြေခံမှုဖြစ်သည့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သည် ယခုအခါ ကမ္ဘာ့အင်အားကြီး နိုင်ငံများဖြစ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက လေးစားလိုက်နာပါမည်ဟု ကတိကဝတ်ပြုထားသည့် စာချုပ်တစ်ရပ်ဖြစ်လာ။*

"နှစ်(၆၂)ပြည့်အာဘ–ဘိုးမင်းခေါင်ထွက်ပွဲ"
စင်မြင့်ရှာ၊ပုပ္ပါး၊မယ်တော့ကျွန်း
ကျောင်းတော်ရာငါးကြိမ်အစာကျွေး၊ စွယ်တော်ဖူး၊ ပုဂံ၊ ညောင်ဦး၊ မင်းဘူး၊ မကွေး(၄)ရက်ခရီး
ထမင်း၊ မုန့် ကျွေး (50000 Ks) (8-9-2014)ရက်နေ့ထွက်မည်။
ရွှေစေတီ ဘုရားဖူးပို့ဆောင်ရေးကိုကျွမ်းကျင်စွာဘုရားလမ်းမှတ်တိုင် Ph:09450024419
(၁၂၄)ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်၊ သယ်န်းကျွန်း။

ရွှေထက် (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားပို့ဆောင်ရေး)
09250202697,0931629890,0949577445
တောင်ကြီး ကလော၊ထပ်စမ်းလိုဏ်ဂူ၊အင်းလေးမွေတော်ကဏ္ဍူ၊မင်းတယအာဘ ဘိုးမင်းခေါင်ထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပဒုမ္မာ၊ ပြည်ငါးပြည် Sep - 7/8 အင်းလေးဖောင်တော်ဦးပွဲ 140000
ခရီးစဉ်အားလုံး Hotel Package (စရိတ်ငြိမ်း) ကြိုတင်လက်မှတ်ဝယ်ယူရရှိနိုင်ပါသည်။

ဆရာကောင်း (WISDOM VILLAGE)
SAT / IELTS / TOEFL
အမှတ်-၉၊ ပန်းခြံလမ်း၊မြေနီကုန်း။ Ph: 516680, 09-5115486



# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ စည်းဝေး

**နေပြည်တော် ဩဂုတ် ၅**



အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများ ရေရှည်တည်တံ့ခိုင်မာမှုရှိပြီး စနစ်တကျဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံတစ်ဝန်းဒေသအသီးသီးရှိ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ငွေစုငွေချေးလုပ်ငန်းသာမက ပြည်သူလူထုလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာပံ့ပိုးကူညီနိုင်မည့် အခြားနည်းလမ်း၊ အကူအညီ၊ အထောက်အပံ့များကိုလည်း ရှာဖွေဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းဖြင့် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၁၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တက်ရောက်အမှာစကားပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မြန်မာနိုင်ငံ၏ မက်ခရိုဘဏ္ဍာရေးတိုးတက်မှုအပေါ် နှစ်လည်အစီရင်ခံစာအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ကိစ္စရပ်များ၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသော နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး/ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မိမိတို့ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအားရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအား နိုင်ငံတော်၏မူဝါဒနှင့်အညီ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အဖွဲ့အစည်းများ၏ လိုအပ်ချက်၊ တင်ပြချက်များကို ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် စနစ်တကျလုပ်ငန်းဆောင်ရွက်ရေးအတွက် ကြီးကြပ်စစ်ဆေးမှုကို ပုံမှန်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ အခက်အခဲလိုအပ်ချက်များကို အမှန်တကယ် ဖြည့်ဆည်းပံ့ပိုးနိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**✻ မြန်မာနိုင်ငံမှ**

ဝန်ဆောင်ခများ၊ စတော့ရှယ်ယာများနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ၊ ဈေးကွက်ဝင်စတော့ရှယ်ယာနှင့် ချေးငွေစာချုပ်များကို အီလက်ထရွန်နစ် စနစ်ပြောင်းလဲသတ်မှတ်ရေး စသည့်နယ်ပယ်များကို အာဆီယံစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာဈေးကွက်တွင်ရှိသည့် ရှယ်ယာအမျိုးအစားများ စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံနှင့်ကိုက်ညီမည့် စနစ်များအား ရွေးချယ်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်စတင်မည့် စတော့အိတ်ချိန်းလုပ်ငန်းစဉ်တွင် စတော့ရှယ်ယာ အရောင်းအဝယ်စတင်ရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင် ငွေချေးသက်သေခံ လက်မှတ်စာရင်း ( Securities Account ) ဖွင့်ထားရန် လိုအပ်ပြီး ရင်းနှီးမြှုပ်နှံလိုသူသည် ထိုစာရင်းကို အသုံးပြုကာ စတော့အိတ်ချိန်းတွင် ရှယ်ယာအရောင်းအဝယ်အမှာများကို ပြုလုပ်နိုင်မည်ဖြစ်သည်။ စာရင်းဖွင့်လှစ်ပြီးသည်နှင့် စတော့ရှယ်ယာများဝယ်ယူနိုင်ရန် ဖွင့်ထားသော Securities Account သို့ ငွေသားထည့်သွင်းရန်လိုအပ်ပြီး စတော့ရှယ်ယာဝယ်ယူရန် ငွေပေးသွင်းမှုကို ပြုလုပ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် Securities Account ထဲသို့ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်းကိစ္စများကို ဘဏ်အကောင့်များမှတစ်ဆင့် ပြုလုပ်သွားရန် ရည်ရွယ်ထားသဖြင့် ငွေသားကိုင်တွယ်မှုကို ဘဏ်များမှ လုပ်ဆောင်ကာ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများအနေဖြင့် စတော့ရှယ်ယာနှင့် ငွေတိုက်စာချုပ် အရောင်းအဝယ်ကိစ္စရပ်များကို အားစိုက်လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

Securities Account တွင် ငွေသွင်းပြီးပါက ရှယ်ယာအဝယ်ပြုလုပ်နိုင်ပြီး အကောင့်ပိုင်ရှင်သည် Securities Company တွင် တပ်ဆင်ထားသော ကွန်ပျူတာလမ်းကြောင်း(KIOSK Terminal )ကို အသုံးပြုကာ စတော့အိတ်ချိန်းဈေးကွက်တွင် ပါဝင်နိုင်ပြီး ရှယ်ယာအမှာများစတင်ပြုလုပ်နိုင်ပြီဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဝယ်ယူထားသော စတော့ရှယ်ယာများကို ရောင်းချလိုပါက သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတွင် တပ်ဆင်ထားသော ကွန်ပျူတာ လမ်းကြောင်းများမှတစ်ဆင့် စတော့အိတ်ချိန်းတွင် အရောင်းအမှာများ ပြုလုပ်သွားနိုင်မည်ဖြစ်သည်။ စတော့ရှယ်ယာများ ရောင်းချရငွေများကို ထုတ်ယူနိုင်ရန် Securities Account တွင် ငွေသွင်းသကဲ့သို့ ဘဏ်အကောင့်မှတစ်ဆင့် ပြုလုပ်သွားရန် ရည်ရွယ်ထားကာ စတော့ရှယ်ယာအရောင်းအဝယ်တွင် "ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ" နှင့် " ဘဏ်" များသည် အနီးကပ်ပူးတွဲလုပ်ဆောင်သွားရန် လိုအပ်ကြောင်းသိရှိရသည်။

စတော့ရှယ်ယာဈေးကွက်ဖြစ်ပေါ်ရေးတွင် မရှိမဖြစ်အရေးပါသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတည်ထောင်ခြင်းနှင့် မြန်မာနိုင်ငံရှိ ဘဏ်များတွင် ငွေချေးသက်သေခံလက်မှတ်ဌာနများ ထားရှိခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပြီး Banking System တွင် လက်ရှိအသုံးပြုနေသောစနစ်ကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ကာ အသစ်ထည့်သွင်းမည့် Securities Trading System နှင့် Banking System အကြား Data အပြန်အလှန်ပေးပို့နိုင်ရန် ပြုလုပ်ပေးမည့် ကွန်ပျူတာစနစ်ကို တီထွင်ထည့်သွင်းသွားမည်ဖြစ်သည်။

မြန်မာစတော့အိတ်ချိန်းဈေးကွက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဂျပန်နိုင်ငံ၏ အကြီးဆုံးငွေချေးသက်သေခံလက်မှတ်များကုမ္ပဏီများအနက်တစ်ခုဖြစ်သော Daiwa Securities Group ၏ သုတေသနနှင့် အတိုင်ပင်ခံ Daiwa Institute of Research သည် မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်ရေးစင်တာ (MSEC) စတင်ထူထောင်သည့် ၁၉၉၆ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး (Developing Myanmar's Capital Market ) တွင် ပူးပေါင်းဆောင်ရွက်ခဲ့ကာ ၂၀၁၂ ခုနှစ် မေလတွင် မြန်မာနိုင်ငံဗဟိုဘဏ်၊ Japan Exchange Group နှင့် Daiwa Institute of Research တို့ နားလည်မှုစာချွန်လွှာရေးထိုးခဲ့သည့် အချိန်မှစကာ မြန်မာနိုင်ငံတွင် စတော့ရှယ်ယာဈေးကွက်ထူထောင်နိုင်ရေးအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် Capital Market နှင့် ပတ်သက်သော ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်နှင့်နေပြည်တော်တွင် (၁၀)ကြိမ်နှင့်အထက် ကျင်းပနိုင်ခဲ့သည်။

DIR သည် MICT Park တွင် Daiwa Securities ၏ အိုင်တီလုပ်ငန်းများကို နှစ်နှစ်ကျော်လုပ်ဆောင်လာခဲ့ပြီး မြန်မာအိုင်တီလူငယ်အင်ဂျင်နီယာ ၁၀၄ ဦးဖြင့် အိုင်တီပညာရပ်များကို နေ့စဉ်လေ့လာလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ "အခု ကျွန်တော်တို့ Securities System နှင့် ပတ်သက်ပြီး ပိုင်းလော့ပရောဂျက်တစ်ခုအနေနဲ့ Securities Company ရဲ့ Front Pannel နှင့် Back System ကို Software ရေးဆွဲလျက်ရှိပြီး မြန်မာနိုင်ငံအတွက်ဆိုရင် ပထမဆုံးတီထွင်ရေးဆွဲတာဖြစ်တာမို့ အိုင်တီပိုင်းအပြင် Finance ပိုင်းတွေပါ လေ့လာမှုတွေပြုလုပ်ရပါတယ်။ ကိုယ်တိုင်လည်း ပညာတိုးတာကြောင့် လုပ်ရတာအကျိုးရှိတယ်လို့ ခံစားမိပါတယ်" ဟု လုပ်ငန်းခွင်ဝင်နေသော မြန်မာအိုင်တီအင်ဂျင်နီယာတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာ့အရင်းအနှီးဈေးကွက်( Myanmar's Capital Market ) ကို စတင်နိုင်ရန် ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိပြီး မကြာခင်ကာလတွင် နည်းပညာနှင့် အတွေ့အကြုံများရှိပြီး ထူးချွန်ထက်မြက်သော မြန်မာအိုင်တီအင်ဂျင်နီယာများဖြင့် အရင်းအနှီးဈေးကွက်၏ အိုင်စီတီကဏ္ဍကို အောင်မြင်စွာ ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း အကြိုသတင်းကောင်းပါး လိုက်ရတော့သည်။

**(စံကားဝါ)**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၃၀/၂၀၁၄)**
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက် အမှတ်(၄၈/၂၀၁၂)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁၄/၂၀၁၃)နှင့် ၁၇-၁-၂၀၁၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၅/၂၀၁၄)တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၃၂၂၇<br>ဗိုလ်မှူးသိန်းထိုက် | (အစား) | ကြည်း ၃၇၁၆၄<br>ဗိုလ်မှူး ပြည့်ဖြိုးဇော် |
| (၂) | ကြည်း ၂၇၆၀၄<br>ဗိုလ်မှူး မြင့်ထွေး | (အစား) | ကြည်း ၃၅၆၀၆<br>ဗိုလ်မှူး ဇေယျာဦး |
| (၃) | ကြည်း ၃၄၉၅၆<br>ဗိုလ်မှူး ဇော်လင်းအောင် | (အစား) | ကြည်း ၂၈၃၆၁<br>ဗိုလ်မှူး သိန်းခိုင်မြင့် |
| (၄) | ကြည်း ၂၉၅၀၆<br>ဗိုလ်ကြီး စိုးထွေးအောင် | (အစား) | ကြည်း ၃၅၁၃၂<br>ဗိုလ်ကြီး ခင်မောင်ဝင်း |
| (၅) | လေ ၂၇၁၄<br>ဗိုလ်မှူး လွင်ကိုကို | (အစား) | လေ ၂၇၅၆<br>ဗိုလ်မှူး ဝင်းမင်းထွန်း |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၄၁၀၈<br>ဗိုလ်မှူး အောင်သက်မြင့် | (အစား) | ကြည်း ၂၃၂၇၀<br>ဗိုလ်မှူး ဇော်မြင့် |
| (၇) | ကြည်း ၂၈၅၃၇<br>ဗိုလ်မှူး အောင်ဇော်ဟိန်း | (အစား) | ကြည်း ၃၅၆၃၁<br>ဗိုလ်မှူး ညဏ်ဖြိုးခိုင် |
| (၈) | ကြည်း ၂၉၆၆၁<br>ဗိုလ်မှူး စောရန်အောင် | (အစား) | ကြည်း ၂၄၂၃၁<br>ဗိုလ်မှူး ကျော်သူလွင် |
| (၉) | ကြည်း ၂၁၀၅၇<br>ဗိုလ်မှူး ဖုန်းမြင့်နိုင် | (အစား) | ကြည်း ၂၀၆၈၁<br>ဗိုလ်မှူး တိုးအောင် |
| (၁၀) | ကြည်း ၃၆၅၃၄<br>ဗိုလ်ကြီး ဖြိုးမြင့်ဆွေ | (အစား) | ကြည်း ၂၉၅၀၆<br>ဗိုလ်ကြီး စိုးထွေးအောင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပြည်တွင်းရေးရာ

# တောင်ငူခရိုင်အတွင်း လူထုတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ပဲခူး ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းသည် ဇူလိုင် ၃၁ ရက်က တောင်ငူမြို့ ခပေါင်းခန်းမတွင် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက နိုင်ငံတော်အစိုးရ၏ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယလှိုင်းစတင်ပြီဖြစ်ကြောင်း၊ သို့ဖြစ်ရာ အစိုးရဝန်ထမ်းများအနေဖြင့် အထူးသတိပြုပြောင်းလဲကျင့်သုံးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားအများစုမှာ အစိုးရရုံးဌာနများနှင့် ထိတွေ့ရင်းနှီးကျွမ်းဝင်မှုမရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ရုံး/ဌာနသို့ရောက်ရှိလာကြသည့် ပြည်သူများအပေါ် စိတ်ရှည်သည်းခံစွာ ဆက်ဆံသွားကြရန် အကျယ်တဝင့် ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများကလည်း မိမိတို့မြို့နယ်အလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အပါအဝင် တရားစီရင်ရေးကဏ္ဍများတွင် တွေ့ကြုံခံစားနေရသော အခြေအနေများကို ပွင့်လင်းစွာဆွေးနွေးကြောင်း သိရသည်။ **(၀၇၅)**



# အထူးအထွက်တိုးစပါးများ စံကွက်ရိတ်သိမ်း

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မင်းကန်ကျေးရွာတွင် တစ်ဆက်တစ်စပ်တည်း ဧက ၇၀ စံပြစိုက်ကွင်းတွင် မျိုးကောင်းမျိုးသန့် အထူးအထွက်တိုး (MR-219) မော်ဘီ(၃) မျိုးစပါးကို နွေစပါးအဖြစ် စမ်းသပ်စိုက်ပျိုးခဲ့ပြီး ဩဂုတ် ၁ ရက်က အဆိုပါ စံပြစိုက်ကွင်း၌ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် တင်း ၁၇၀ ကျော် ထွက်ရှိကြောင်း သိရသည်။

အဆိုပါ အထူးအထွက်တိုး (MR-219) မော်ဘီ(၃) မျိုးစပါးကို မန္တလေးမြို့မှ ဇေယျာနေ စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေးမှ စမ်းသပ်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အထွက်နှုန်းကောင်းမွန်သော စပါးမျိုးကောင်း မျိုးသန့်များကို နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးလျှင် တောင်သူများဘဝ ယခုထက်ပိုမိုတိုးတက်လာစေရမည်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကိုယ်တိုင်စိုက်ပျိုးလက်တွေ့ပြသခြင်းဖြစ်သည်။

ယင်းနွေစပါးစံပြကွက်မှ ထွက်ရှိသောမျိုးကောင်းမျိုးသန့် အထူးအထွက်တိုး (MR-219) မော်ဘီ (၃) ရိတ်သိမ်းရာတွင် ရိတ်သိမ်းခြွေလှေ့စက်အသုံးပြုကာ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခဲ့ပြီး စံပြကွက်စိုက်ပျိုးချိန်တွင် စိုက်နည်းစနစ်နှင့် အပင်အတွက် ပုံမှန်ကွန်ပေါင်းနှင့် ယူရီးယားဓာတ်မြေဩဇာတို့ ကျွေးမွေးခဲ့ရာသတ်မှတ်စံနှုန်းထက် အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ ယခု ရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် တင်း ၁၇၀ ကျော်အထက် ထွက်ရှိကြောင်းနှင့် စံကွက်ရိတ်သိမ်းရာသို့ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးပညာရှင်များ လာရောက်ကြည့်ရှု လေ့လာကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တတိယအဆင့် ပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များဆွေးနွေး

**တပ်ကုန်း ဩဂုတ် ၅**

နိုင်ငံတော်အစိုးရသည် ယခုအခါ တတိယဆင့် (Third Wave) ပြုပြင်ပြောင်းလဲရေးကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မိမိတို့ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်းများအား တာဝန်သိသိဖြင့် ဆောင်ရွက်သကဲ့သို့ တာဝန်ခံမှုတာဝန်ယူမှုဖြင့် သမဝါယမလောကသားအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထဲထဲဝင်ဝင် သိရှိနားလည်ပြီး အောက်ခြေဝန်ထမ်းများအထိ သိရှိလိုက်နာဆောင်ရွက်ရေး၊ နိုင်ငံတော်မူဝါဒများကို ကျကျနန သိရှိနားလည်ပြီး မျက်ခြည်မပြတ်လေ့လာဆည်းပူးကာ ပေးအပ်သည့်တာဝန်များကို ကျေပြွန်စွာဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တတိယအဆင့် ပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်တင်ရေးနှင့် သမဝါယမအမှုဆောင်များအား ဆင့်ပွားပညာပေးသင်တန်းဖွင့်ပွဲတွင် နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးချစ်က ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲနှင့် သမဝါယမပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို မြို့နယ်သမဝါယမဦးစီးအရာရှိ၊ ရုံးဝန်ထမ်းများနှင့် အခြေခံသမဝါယမအသင်း ၃၅ သင်းမှ အမှုဆောင် ၁၅၀ တို့ တက်ရောက်ကြပြီး ဆင့်ပွားပညာပေးသင်တန်းကို ငါးရက် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၉၂)**



# ငါးဖမ်းရာတွင် အသုံးပြုသည့် ဘက်ထရီရှော့ပစ္စည်းများ ဖမ်းမိ

**မြင်းခြံ ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့အနောက်ဘက် ဧရာဝတီမြစ်ကျိုးအင်းတစ်ခုဖြစ်သော လေးအိမ်တန်းကျေးရွာ လက်ကျားအင်းအတွင်း ဘက်ထရီရှော့တိုက် ငါးဖမ်းရာတွင် အသုံးပြုသောပစ္စည်းများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရရှိခဲ့သည်။**(ဓါတ်ပုံ)**

အဆိုပါ ဖြစ်စဉ်မှာ မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသော်ထွန်းဦး၊ လေးအိမ်တန်း လက်ကျားအင်းသူကြီး ဦးကျော်ရင်၊ ဂျူပွင်အင်းသူကြီး ဦးသံချောင်း၊ ဝက်ကြိမ်ရိုးနှင့် အလယ်သောင်ဂွက်ကြီးအင်းသူကြီး ဦးကျော်စိန်နှင့် လက်ကျားအင်းမှ ရေလုပ်သားများ ပါဝင်သောအဖွဲ့သည် ဘက်ထရီရှော့ကိစ္စအတွက် ဩဂုတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးရာ လက်ကျားအင်းအတွင်း စက်လှေလေးစင်းဖြင့် ဘက်ထရီရှော့တိုက် ငါးဖမ်းနေသည်ကို တွေ့သဖြင့် ဖမ်းဆီးရာ ထိုအဖွဲ့မှ လောက်လေးခွ၊ စက်ဘီးဘောရိန်းဖြင့် ပစ်ခတ်သဖြင့် လိုက်ပါလာသူ ရေလုပ်သားမောင်သန်းချို၏ဘယ်ဘက် လက်မောင်းတွင် ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး စက်လှေသုံးစင်းဖြင့် လူများမှာ ထွက်ပြေးသွားပြီး စက်လှေအရှည် ၁၄ တောင် တစ်စင်း၊ Kenbo အမျိုးအစား 16 H.P အင်ဂျင်စက်အသေးရှပ်တန်းပန်ကာတပ်တစ်လုံး၊ တရုတ်ပြည်လုပ် W-4500 ရှော့ပုံးအသေးတစ်လုံး၊ တရုတ်ပြည်လုပ် W-7000 ရှော့ပုံးအသေးတစ်လုံး၊ ဝါယာကြိုးတပ် ငါးဂေါ်တံ နှစ်ချောင်း၊ ငါးဆယ်ငါးဂေါ်တံ တစ်ချောင်း၊ 3K-100 ဘက်ထရီအိုးတစ်လုံး၊ 3K-70 ဘက်ထရီအိုးတစ်လုံးတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**


RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)စီးယာဉ်နှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစျေးပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



**လှိုင်မြို့နယ်ရှိ**
**စားသောက်ဆိုင်ငှားမည်**
ပစ္စည်းအစုံပါ ဆိုင်ဖွင့်ရန်အသင့်။
ဖုန်း-၀၉-၄၂၂၄၅၃၉၃၂၊
၀၉-၄၉၂၇၃၇၆၉


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ**
**အမှတ်(၃၄၈)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ရန်ကုန်မြို့**

၁။ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၁)ရက်တွင် ဖွင့်လှစ်ခဲ့သော (၃၀၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အက္ခရာလုံးရေ (က အက္ခရာမှ သ)အထိဖြစ်သော ထီအုပ်ရေ (၂၄၅၄၅၄၀) အား ရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၄၉၀၉၀၈၀၀၀၀)ရရှိခဲ့ပြီး ၎င်းမှ(၆၀)ရာခိုင်နှုန်းဖြစ်သော ကျပ်(၂၉၄၅၄၄၈၀၀၀)ကို ဆုမဲပေါင်း (၂၇၈၃၃)အဖြစ် ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၁)ရက်တွင် ဖွင့်လှစ်မည့် (၃၀၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင်လည်း အက္ခရာလုံးရေ(၃၀) ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဆုမဲများကို အောက်ပါအတိုင်း ခွဲဝေပေးသွားမည်ဖြစ်ပါသည်။

ဆုမဲခွဲဝေခြင်း

| စဉ် | ဆုမဲတန်ဖိုး | ဆုမဲ အရေအတွက် | ခွဲဝေပေးငွေပေါင်း |
|---|---|---|---|
| ၁။ | ကျပ်သိန်း ၁၅၀၀ | ၁ ဆု | ၁၅၀,၀၀၀,၀၀၀ ကျပ် |
| ၂။ | ကျပ်သိန်း ၁၀၀၀ | ၁ ဆု | ၁၀၀,၀၀၀,၀၀၀ ကျပ် |
| ၃။ | ကျပ်သိန်း ၅၀၀ | ၁ ဆု | ၅၀,၀၀၀,၀၀၀ ကျပ် |
| ၄။ | ကျပ်သိန်း ၃၀၀ | ၃ ဆု | ၉၀,၀၀၀,၀၀၀ ကျပ် |
| ၅။ | ကျပ်သိန်း ၂၀၀ | ၅ ဆု | ၁၀၀,၀၀၀,၀၀၀ ကျပ် |
| ၆။ | ကျပ်သိန်း ၁၀၀ | ၁၃ ဆု | ၁၃၀,၀၀၀,၀၀၀ ကျပ် |
| ၇။ | ကျပ်သိန်း ၅၀ | ၅ ဆု | ၂၅,၀၀၀,၀၀၀ ကျပ် |
| ၈။ | ကျပ်၂၅ သိန်း | ၅ ဆု | ၁၂,၅၀၀,၀၀၀ ကျပ် |
| ၉။ | ကျပ်၁၀ သိန်း | ၂၀၀ ဆု | ၂၀၀,၀၀၀,၀၀၀ ကျပ် |
| ၁၀။ | ကျပ် ၅ သိန်း | ၂၀ ဆု | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၁၁။ | ကျပ် ၃ သိန်း | ၁၂၁ ဆု | ၃၆,၃၀၀,၀၀၀ ကျပ် |
| ၁၂။ | ကျပ် ၂ သိန်း | ၄၅၈ ဆု | ၉၁,၆၀၀,၀၀၀ ကျပ် |
| ၁၃။ | ကျပ် ၁ သိန်း | ၁၂၀၀၀ ဆု | ၁,၂၀၀,၀၀၀,၀၀၀ ကျပ် |
| ၁၄။ | ကျပ် ၅ သောင်း | ၁၅၀၀၀ ဆု | ၇၅၀,၀၀၀,၀၀၀ ကျပ် |
| | စုစုပေါင်း | ၂၇၈၃၃ ဆု | ၂,၉၄၅,၄၀၀,၀၀၀ ကျပ် |
| | ဆုမဲမပြည့်မီ၍ ဘဏ္ဍာသိမ်း | = | ၄၈,၀၀၀ ကျပ် |
| | ဆုမဲခွဲဝေငွေစုစုပေါင်း | = | ၂,၉၄၅,၄၄၈,၀၀၀ ကျပ် |

အောင်ဘာလေသိန်းဆုဌာနခွဲ


**New Century Industries (Myanmar) Co.,Ltd**
**ဝန်ထမ်းအလိုရှိသည်**

- Accountant မ (၂)ဦး
  တရုတ်နှင့် အင်္ဂလိပ်စာရင်းများ ကျွမ်းကျင်ပိုင်နိုင်ရမည်။ B.Com, LCCI Level 3 (သို့) နိုင်ငံတကာအသိအမှတ်ပြု Diploma ရရှိထားပြီး လုပ်သက်(၂)နှစ်နှင့်အထက် ရှိရမည်။ တရုတ်နှင့်အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။
- Export & Import မ (၆)ဦး
  လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ တရုတ်နှင့်အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။ ပြောဆိုဆက်ဆံရေးကောင်းမွန်ရမည်။

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်-**
**အမှတ်(၁၄)၊ ဆင်ဝင်လမ်း၊ အောက်ကြည့်မြင်တိုင်၊ အလုံမြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၃၅၁၉၅**


**ယဉ်ကျေးမှုဝန်ကြီးဌာန**
**အနုပညာဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စု၊ မိုင်းသောက်ကျေးရွာအနီးတွင် ယဉ်ကျေးမှုအနုပညာကောလိပ် (ညောင်ရွှေ) ဖွင့်လှစ်ရန်အတွက် အောက်ဖော်ပြပါအဆောက်အအုံများ တည်ဆောက်ရန် ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အဆောက်အအုံ | အရေအတွက် |
|---|---|---|
| (က) | သင်ကြားဆောင်၊ သံကူကွန်ကရစ်(၂)ထပ် ပေ(၆၄×၅၆×၂၂) | (၃)လုံး |
| (ခ) | ကျောင်းသားအိပ်ဆောင်၊ သံကူကွန်ကရစ်(၂)ထပ် ပေ(၁၅၀×၄၀×၂၂) | (၁)လုံး |
| (ဂ) | မီးဖိုနှင့် စားသောက်ခန်းမ၊ သံကူကွန်ကရစ်(၁)ထပ် ပေ(၁၀၀×၄၀×၁၂) | (၁)လုံး |

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို သတင်းစာကြော်ငြာ ဖော်ပြသည့်နေ့မှစ၍ အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနစိတ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၈-၂၀၁၄ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အနုပညာဦးစီးဌာန**
**ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၁၆၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန် မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊နံ့သာဖြူလမ်း၊ မြေကွက်အမှတ်(၆၄/ခ)မြေပေါ်ရှိ (၂၀'×၆၀')အကျယ်အဝန်းရှိ ဦးအောင်ကြီး (ISN / ၅၈၉၃၁၅)အမည်ပေါက် ပါမစ်အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေချပါမစ်(မူရင်း)နှင့်အတူ ဆက်စပ်စာချုပ်၊စာတမ်းများဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဒေါ်သဲသက်ပိုင်(၁၄/ကပန(နိုင်)၁၂၅၂၁၇)ထံမှကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ဝင်း(၁၁/ပဏတ(နိုင်)၀၀၀၃၀၈)မှအပြီးအပိုင်ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းအားစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ခင်ဇော် LL.B | ဒေါ်မို့မို့ထွင် LL.B |
| အထက်တန်းရှေ့နေ(စဉ်- ၃၈၉၇၀) | အထက်တန်းရှေ့နေ(စဉ်-၂၄၀၁၇) |

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝဓာ(လမ်းဆုံ)၊(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၃၂၃၆၉၄၆၊ ၀၉ ၄၃၁၇၃၀၀၂။




**အဆိုတော်လက်စွဲ**
ကိုချိုလွင်
ထွက်ပြီ
ဖြန့်ချိရေး ရတနာသိုက် စာပေတိုက်
အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၀၀၆၉၉၊ ၀၉၅၅၀၆၁၉၈၊ ၀၉၅၁၉၆၁၂၃

# မယ်ကမ္ဘာပြိုင်ပွဲဝင်မည့် ဗင်နီဇွဲလားအလှမယ် Debora



မကြာမီကျင်းပမည့် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲသို့ နိုင်ငံ့ကိုယ်စားပြုအလှမယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံအသီးသီးအနေဖြင့် အလှမယ်ပြိုင်ပွဲများ ကျင်းပရွေးချယ်ပေးလျက်ရှိရာ ဗင်နီဇွဲလားနိုင်ငံအနေဖြင့်လည်း Miss Venezuela World 2014 အလှမယ်ရွေးချယ်ပွဲကို ဩဂုတ် ၂ ရက်က ကျင်းပခဲ့ရာ ဗင်နီဇွဲလားမော်လ်ဒယ်နှင့် ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်သူ အသက်(၂၃)နှစ်အရွယ် Debora Menicucci က Miss Venezuela World 2014 အလှမယ်သရဖူကို ရရှိဆွတ်ခူးနိုင်ခဲ့သည်။

Miss Venezuela 2014 ဆုရှင် Debora Menicucci အား ၂၀၁၁ ခုနှစ် မယ်ကမ္ဘာသရဖူပိုင်ရှင် ဗင်နီဇွဲလားအလှမယ် Ivian Sarcos က သရဖူအပ်နှင်းချီးမြှင့်ခဲ့ပြီး ၎င်းသည် လာမည့် ဒီဇင်ဘာ ၁၄ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ExCeL London ၌ ကျင်းပမည့် (၆၄)ကြိမ်မြောက် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲသို့ ဗင်နီဇွဲလားနိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

Debora သည် ၂၀၁၃ ခုနှစ်က Miss Venezuela 2013 ပြိုင်ပွဲတွင် ပြည်နယ်ကိုယ်စားပြု အလှမယ်တစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Best Catwalk နှင့် Miss Attitude award ဆုတို့ကို ရရှိဆွတ်ခူးနိုင်ခဲ့သည်။

# စက်တင်ဘာလတွင် အဌမမြောက်အယ်လ်ဘမ်ကို ဂျပန်တွင်ဖြန့်ချိမည့် BoA

တောင်ကိုရီးယားဂီတကြယ်ပွင့် BoA ၏ အဌမမြောက်တေးအယ်လ်ဘမ်ကို စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၌ ဖြန့်ချိသွားမည်ဖြစ်ကြောင်း ၎င်း၏အေဂျင်စီဖြစ်သည့် အက်စ်အမ်အင်န်တာတိန်းမန့်မှ သတင်းထုတ်ပြန်ထားသည်။

ယင်းအယ်လ်ဘမ်သစ်တွင် သီချင်းသစ်များ ပါဝင်ခြင်းမရှိဘဲ ၂၀၁၀ ဇူလိုင်လနောက်ပိုင်းတွင် ထွက်ရှိခဲ့သည့် ယခင် သီချင်းဟောင်းများထဲမှ လူကြိုက်များရေပန်းစားခဲ့သည့်သီချင်းများသာ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအယ်လ်ဘမ်တွင် သီချင်းအပုဒ်ရေ ၁၄ ပုဒ်အထိ ပါဝင်မည်ဖြစ်ကာ ပြီးခဲ့သည့်လက ထွက်ရှိခဲ့ပြီး ဂျပန်နိုင်ငံ၌ လူကြိုက်များရေပန်းစားခဲ့သည့် Masayume Chasing သီချင်းလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

BoA သည် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလက သတ္တမမြောက်အယ်လ်ဘမ် Identity ကို ဂျပန်နိုင်ငံ၌ ဖြန့်ချိခဲ့ပြီး ယခုအယ်လ်ဘမ်သည် လေးနှစ်ကျော်ကြာမှ ပြန်လည်ပေါ်ထွက်လာခဲ့ခြင်းအဖြစ် ဂျပန်ပရိသတ်နှင့် ဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၂ ရက်တွင် တိုကျိုမြို့မှစတင်ကာ အိုဆာကာ၊ ဖူကူအိုကာ စသည့် မြို့များတွင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင် - စုစည်းသည်**

# အိမ်စီးကားများ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများပြား

ရန်ကုန်မြို့ပြရဲ့ လူဦးရေက ၆ သန်းကျော်ရှိပါတယ်။ တရားဝင်ထုတ်ပြန်ခြင်းမရှိသေးတဲ့ စာရင်းတွေအရဆိုလျှင် ရှစ်သန်းခန့်ရှိပါတယ်။ ၁၀ သန်းဆိုရင် မီဂါစီးတီးစာရင်းဝင်ဖြစ်တော့မှာပါ။ ဒါကြောင့် ရန်ကုန်မြို့ပြစီမံကိန်းကို ရေရှည်အကျိုးထည့်သွင်းပြီး စဉ်းစားဖို့လိုလာပါပြီ။

ရန်ကုန်မြို့မှာ အဓိကပြဿနာက ယာဉ်ကြောပိတ်ဆို့မှုပါပဲ။ ပုံစံအမျိုးမျိုးနဲ့ ဖြေရှင်းနေကြတာပါ။ ယာဉ်မရပ်ရတဲ့ လမ်းမကြီးတွေ တိုးချဲ့တယ်။ ခုံးကျော်တွေ ထပ်တိုးချဲ့ဖို့ စီစဉ်နေတယ်။ ကရိန်းကားတွေနဲ့ ဖယ်ရှားရှင်းလင်းနေတယ်။ ယာဉ်ထိန်းရဲတွေ တိုးချဲ့ချထားတယ်။ တက္ကစီတွေ ထပ်မံခွင့်ပြုခြင်း ရပ်ဆိုင်းထားတယ်။

ရန်ကုန်မြို့ပြမှာ ယာဉ်လိုင်းပေါင်း ၉၁ ခုရှိတယ်။ ယာဉ်စီးရေပေါင်းက ၁၆၂၀ ရှိတယ်။ နေ့စဉ်ထွက် ကားအနေနဲ့ စီးရေ ၁၂၀၀ ကျော်က နေ့စဉ်ခေါက်ရေ ၈၈၀၀ ကျော်ပြေးဆွဲပြီး ခရီးသွားပြည်သူ ၁၁ သိန်း ကျော်ကို သယ်ယူပို့ဆောင်ပေးနေကြောင်း သိရတယ်။ တစ်ဖက်က ဟိုင်းလပ်၊ ဒိုင်နာနဲ့ ဘီအမ်ယာဉ်တွေကိုလည်း မီနီဘတ်စ်တွေနဲ့ အစားထိုးပြေးဆွဲနေတာတွေ့ရပါတယ်။ ယာဉ်လိုင်းအသစ်တွေ တိုးချဲ့ပြေးဆွဲနေတာလည်း တွေ့ရပါတယ်။

ဒါပေမယ့် ရန်ကုန်မြို့ပြရဲ့ ယာဉ်ကြောပိတ်ဆို့မှုက တချို့ခုံးကျော်နေရာတွေကို အတန်သင့်ပြေလည်နိုင်ပေမယ့် ရေရှည်မှာတော့ ပိုဆိုးလာနိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ယာဉ်စီးရေအသစ်တွေတိုးနေလို့ပါပဲ။ စည်းကမ်းမဲ့ရပ်၊ စည်းကမ်းဖောက်ဖျက်မောင်းနှင်မှုတွေကလည်း များနေလို့ပါပဲ။

ခုလောလောဆယ် ထုတ်ပြန်ချက်တွေထဲမှာကြည့်ရင် အိမ်စီးကားတွေ ယာဉ်စည်းကမ်းဖောက်ဖျက်မှုပိုများလာတယ်လို့ သိရပါတယ်။ ဘာကြောင့် ဒီလိုဖြစ်လာရပါသလဲ။ အကြောင်းရှိရပါလိမ့်မယ်။ စီးရေအားဖြင့်ကြည့်ရင် အိမ်စီးကားက များပြီးသားပါ။ အများအားဖြင့် စည်းကမ်းဖောက်တာနည်းပါတယ်။ ဒါပေမယ့် စည်းကမ်းပျက်တဲ့ လိုင်းကားတွေ၊ တက္ကစီတွေကြောင့် စည်းကမ်းပျက်လာတာလည်း ပါပါတယ်။

"ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့" ဆိုတဲ့ စကားရှိပါတယ်။ ဒါပေမယ့် တကယ်လက်တွေ့ဘဝကို ကြည့်ရင် နိစ္စဓူဝတွေ့ကြုံနေရတာက အဲဒီလိုစည်းကမ်းဖောက်တဲ့သူတွေက အဆင်ပြေလို့။ စည်းကမ်းလိုက်နာသူက နစ်နာ၊ အခက်တွေ့ဖြစ်နေတယ်။

ဒီတော့ ပထမဆုံးဖြေရှင်းရမှာက ကိုယ်သွားမယ့် လမ်းကြောင်းအမှန်ကို ယူမောင်းဖို့ အသိပညာပေးရပါမယ်။ ခရီးသည် (Passengers) ရလိုမှုအတွက် သူ့ထက်ငါ ရှေ့ရောက်ဖို့ မမှန်ကန်တဲ့ နည်းလမ်းနဲ့မမောင်းကြဖို့လိုပါတယ်။ တချို့နေရာတွေမှာ ယာဉ်ကြောမရှိဘူး။ (ဥပမာ- ရွှေဂုံတိုင်ခုံးကျော်တံတားကနေ တာမွေအဝိုင်းအထိ) ဒီတော့ လမ်းကျယ်မှာ မောင်းချင်သလိုမောင်းနေကြတယ်။ ဒုတိယအချက်ကတော့ ယာဉ်လိုင်းတွေ လမ်းမှန်အတိုင်း အလှည့်ကျစောင့်ပါစေ။ လမ်းမှန်မဟုတ်ဘဲ ကျော်တက်ရင် (မီးပွိုင့်အဝင်) ထိထိရောက်ရောက် အရေးယူပါ။

တစ်ချိန်က (ဟိုင်းလပ်၊ ဒိုင်နာတွေရှိတုန်းက) လိုင်းကြေးဆင်းပြီး ပေးတာ မကြာခဏတွေ့ဖူးတယ်။ လမ်းရှင်းတာလို့ ပြောတာပဲ။ ခုမီနီဘတ်စ်တွေပေါ်လာတော့ မတွေ့ရတော့ဘူး။ ဒါပေမယ့် ကားသာပြောင်းသွားတာ ဒီဘက်လမ်းကြောမှာ မောင်းတဲ့သူတွေပဲ များပါတယ်။ လမ်းရဲ့အထာကို ကောင်းကောင်းကျွမ်းကျင်နေသူတွေပါ။

ဒီတော့ စည်းကမ်းဖောက်နေတဲ့ ယာဉ်လိုင်းတွေကို ကြပ်ကြပ်မတ်မတ် အရေးယူဆောင်ရွက်လိုက်ရင် အိမ်စီးကားတွေလည်း ပုံမှန်အတိုင်းဖြစ်သွားပါလိမ့်မယ်။ မီးပွိုင့်အဝင်မှာ ကန့်လန့်ခံ ကြားဖြတ်ဝင်မယ့်ကားမရှိရင် လမ်းကြောလည်း ရှင်းသွားနိုင်ပါတယ်။ လူ့သဘောကတော့ အသိခေါက်ခက်အဝင်နက်ဆိုတာလိုပါပဲ။ အရေးယူမှုမရှိဘဲ အပြစ်ကျူးလွန်နေတာကို လျစ်လျူရှုထားသလိုမျိုးဖြစ်နေရင် စည်းကမ်းဖောက် စည်းကမ်းပျက်နေကြဦးမှာပဲ။ လမ်းတွေလည်း မလိုအပ်ဘဲ ပိတ်ဆို့နေဦးမယ်။ အချိန်တွေလည်း ကြန့်ကြာနေဦးမှာပါ။ ။

**ခင်မောင်ဌေး(ပညာရေး)**

MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

**ကုမ္ပဏီဥပဒေပြဋ္ဌာန်းအစည်းအဝေး (Statutory Meeting) ဖိတ်ကြားခြင်း**

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးထံမှ လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (**Certificate For Commencement Of Business**) ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် ရရှိခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ၇၇(၁)အရ အစုရှယ်ယာရှင်များနှင့် ကျင်းပပြုလုပ်ရမည့် ဥပဒေပြဋ္ဌာန်းအစည်းအဝေး (**Statutory Meeting**)ကို အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက် (ကြာသပတေးနေ့)မွန်းလွဲ (၂း၀၀)နာရီမှ ညနေ (၄း၀၀)နာရီအထိ ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။

၃။ အဆိုပါ ဥပဒေပြဋ္ဌာန်းအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားစာကို ဥပဒေပြဋ္ဌာန်းအစီရင်ခံစာ(**Statutory Report**)နှင့်အတူ အစုရှယ်ယာရှင်များအားလုံးထံသို့ ၂၂.၇.၂၀၁၄ ရက်နေ့မှစတင်၍ အမြန်ချောပို့နှင့် မှတ်ပုံတင်ချောပို့စနစ်များဖြင့် ပေးပို့ထားပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်၏ အစုရှယ်ယာရှင်များအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာအချိန်မီမရောက်ရှိခဲ့လျှင်လည်း အစည်းအဝေးသို့ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတက်ရောက်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း(သို့) ယာဉ်မောင်းလိုင်စင်(သို့) အစုရှယ်ယာသက်သေခံလက်မှတ် တစ်မျိုးမျိုးယူဆောင်လာပေးပါရန် အသိပေးအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်းပတ်ဘလစ်လီမိတက်**

# ဆူဇူကီးဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းအား ကာတာနိုင်ငံတွင် နေထိုင်လေ့ကျင့်နိုင်ရန် MFF စီစဉ်

**ရန်ကုန်　ဩဂုတ်　၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF သည် လာမည့် အောက်တိုဘာလအတွင်း လာအိုနိုင်ငံတွင်ကျင်းပမည့် ဆူဇူကီးဖလားခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းအား အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာတာနိုင်ငံတွင် နေထိုင်လေ့ကျင့်စေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင်အသင်းအား ဖွဲ့စည်းရခြင်း မရှိသေးသော်လည်း ဆူဇူကီးဖလားခြေစစ်ပွဲအကြိုပြင်ဆင်မှုတစ်ရပ်အနေဖြင့် ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ဩဂုတ်လနောက်ဆုံးပတ်မှစတင်ကာ ပဏာမလက်ရွေးစင်အသင်းကို ကစားသမား ၃၀ ဦးဖြင့် စတင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ်ဖြစ်သူ အေဘရာမိုဗစ်နှင့် တာဝန်ရှိသူများမှာ ဇူလိုင်လနောက်ဆုံးပတ်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ပဏာမလက်ရွေးစင်အသင်းကို ဖွဲ့စည်းရန်အတွက် MNL ပွဲစဉ်များကို လိုက်လံကြည့်ရှုနေသလို ပထမအဆင့်အနေဖြင့် ကစားသမား ၆၀ ဦးအထိ ရွေးချယ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ကာတာနိုင်ငံတွင် ခြေစမ်းကစားဖြစ်မည်ဆိုပါက ဆူဇူကီးခြေစစ်ပွဲမတိုင်မီ အောက်တိုဘာလဆန်းပိုင်းတွင် သွားရောက်ကစားရဖွယ်ရှိနေသည်။

**(ရဲစွမ်း)**

# ဟာနန်ဒက်ဇ်နှင့် ကာဂါဝါအား ခေါ်ယူရန် အက်သလက်တီကို အသင့်ရှိနေ




မန်ယူအသင်းနည်းပြသစ် ဗန်ဟားလ်သည် မန်ယူအသင်းအား စတင်ကိုင်တွယ်သည့်နှစ်တွင်ပင် အသင်းကို ပုံစံသစ်ပြောင်းလဲရန်အတွက် ဟာနန်ဒက်ဇ်၊ နာနီ၊ ဖယ်လိုင်နီ၊ အန်ဒါဆန်၊ ကာဂါဝါ စသည့် ကစားသမားကို ရောင်းထုတ်ရန် စီစဉ်လျက်ရှိခြင်းကြောင့် အဆိုပါကစားသမားများအနက် မက္ကဆီကိုတိုက်စစ်မှူး ဟာနန်ဒက်ဇ်နှင့် ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါတို့အား လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒီယေဂိုကော်စတာနှင့် ဖီးလစ်ပီလူးဝစ်တို့အား ချယ်လ်ဆီးအသင်းသို့ ရောင်းထုတ်ခဲ့ခြင်းနှင့် နောက်ခံလူ မန်ကွိုင်လိုအား လီဗာပူးအသင်းသို့ ရောင်းထုတ်ခဲ့ခြင်းတို့ကြောင့် အသင်းကို အသစ်ပြန်လည်ဖွဲ့စည်းရမည်ဖြစ်သောကြောင့် မန်ယူကစားသမားနှစ်ဦးဖြစ်သည့် ဟာနန်ဒက်ဇ်နှင့် ကာဂါဝါတို့အား နှစ်ဦးပေါင်း ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# မိတ္ထီလာတက္ကသိုလ်၌ စစ်တုရင်ပြိုင်

**မိတ္ထီလာ　ဩဂုတ်　၅**

မျိုးဆက်သစ်လူငယ် စစ်တုရင်အားကစားသမား ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်ဖြင့် မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာတက္ကသိုလ် အားကစားရုံတွင် ကျင်းပသည့် ယင်းစစ်တုရင်ပြိုင်ပွဲသို့ သချာ်၊ ရုက္ခဗေဒ၊ သမိုင်း၊ ပထဝီဝင်၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ဘူမိဗေဒစသည့် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ပြိုင်ပွဲဝင် ၃၈ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲဝင် ၃၈ ဦးအနက် ကျောင်းသူ ပြိုင်ပွဲဝင် လေးဦးပါဝင်သည်။ ပြိုင်ပွဲဝင်မျိုးဆက်သစ် စစ်တုရင်အားကစားသမားများအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၅၇၉)**

# ချယ်လ်ဆီးအသင်းမှ ထွက်ခွာခဲ့ရခြင်းကြောင့် နောင်တရနေမည်မဟုတ်ဟု လူကာကူပြောကြား

ပြီးခဲ့သည့်ရက်ပိုင်းက ချယ်လ်ဆီးအသင်းမှ အဲဗာတန်အသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၂၈ သန်းဖြင့် ပြီးသတ်ပြောင်းရွှေ့ခဲ့သည့် ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူက မိမိအနေဖြင့် ချယ်လ်ဆီးမှ ထွက်ခွာခဲ့ရခြင်းကြောင့် နောင်တရနေမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ လူကာကူမှာ ချယ်လ်ဆီးအသင်းသို့ လွန်ခဲ့သည့် သုံးနှစ်ခန့်က ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းတွင် ပုံမှန်နေရာရရှိရန် ရုန်းကန်ခဲ့ရသလို ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အဲဗာတန်သို့ အငှားဖြင့် သွားရောက်ကစားခဲ့ရသည်။ ထို့ကြောင့် ၎င်းက "ချယ်လ်ဆီးအသင်းကနေ ထွက်ခွာခဲ့ရတာဟာ ကျွန်တော့်အတွက် နောင်တရစရာ မဟုတ်ပါဘူး၊ အဲဗာတန်အသင်းကို ရွေးချယ်ခဲ့တာဟာ ကျွန်တော့်ရဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်တစ်ခုပါ၊ လာမယ့်နှစ်မှာလည်း အဲဗာတန်အသင်းအတွက် အကောင်းဆုံးပေးဆပ်သွားမှာပါ၊ ချယ်လ်ဆီးဟာ ဥရောပရဲ့အကောင်းဆုံးအသင်းတစ်သင်းဆိုတာ နားလည်ပါတယ်၊ ဒါကြောင့် ဒီအသင်းမှာ ကစားခဲ့တဲ့အချိန်တွေကို အမြဲတမ်းအမှတ်ရနေဦးမှာပါ၊ ဒါပေမယ့် ကျွန်တော် ချယ်လ်ဆီး အရန်ခုံပေါ်မှာ ၁၀ နှစ်လောက်ထိုင်နေဖို့ စိတ်ကူးမရှိပါဘူး" ဟု ပြောကြားသွားခဲ့သည်။ ထို့ပြင် ချယ်လ်ဆီး အသင်း၏ နည်းပြဖြစ်သူ ဟိုဆေးမော်ရင်ဟိုကလည်း "ကျွန်တော် လူကာကူကို မရောင်းထုတ်ချင်ပါဘူး။ သူက အမြဲတမ်းပုံမှန်နေရာလိုချင်နေတဲ့သူပါ၊ ချယ်လ်ဆီးမှာ ပုံမှန်နေရာအတွက် အာမခံချက်မရှိပါဘူး၊ ဒါကြောင့် သူ့ကိုရောင်းထုတ်ခဲ့တာဖြစ်ပြီး ဒါဟာ နှစ်ဖက်စလုံးအတွက် အကောင်းဆုံးပါပဲ"ဟု ပြောကြားသွားခဲ့သည်။

**(ကိုရဲ)**

# ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် ဝက်ဆင် ရော့ဂျာဖလား ဒုတိယအဆင့် တက်လှမ်း




ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် ဟယ်သာဝက်ဆင်သည် မွန်ရီးယဲလ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရော့ဂျာဖလား တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက်ချက်တင်းနစ်မယ် စမစ်ကိုဗာအား အနိုင်ရရှိကာ ရော့ဂျာဖလား တင်းနစ်ပြိုင်ပွဲ၏ ဒုတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဗြိတိန်တင်းနစ်မယ် ဟယ်သာဝက်ဆင်သည် ချက်တင်းနစ်မယ် စမစ်ကိုဗာကို ၆-၄၊ ၅-၇၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး ရော့ဂျာဖလား ဒုတိယအဆင့်တွင် အဘန်ဒါသို့မဟုတ်ပါက ဆီဘူလ်ကိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

ဦးအောင်နိုင်
ရွှေတံဆိပ်ဆုရှင်-CPA
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
LCCI Level I, II, III
စာရင်းကိုင်သင်တန်းများ
FOR SERIES 4/2014
ကျောင်းအပ်လက်ခံပြီ
၂၄၄၊ တတိယထပ်၊ မီးပွိုင့်နှင့်ခုံးတံတားကြား၊ ပန်းဆိုးတန်း(အထက်)။
Ph 01-377 610, 09 730 99 752, 09 730 66 231, 09 515 1024

Central Link
ကိုရီးယား EPS-(TOPIK)
၂၀၀၈ ခုနှစ်မှစ၍ အောင်ချက်အကောင်းဆုံးထင်တန်းကျောင်း
အစိုးရအာမခံချက်ရှိ၊ လစာငွေ(၁၀)သိန်းအထက်ဖြင့် ကိုရီးယားနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ပြီး၊ မိမိဘဝမြှင့်တင်နိုင်ရန်၊ အချိန် (၃)လခွဲ ခန့်သာပေးလိုက်ပါ။
ဒီအခွင့်အရေးဟာ Central Link ကျောင်းမှာ
တန်းခွဲသစ်များကို (၇.၈.၂၀၁၄) နှင့် (၉.၈.၂၀၁၄)ရက် တို့တွင်ထပ်မံဖွင့်လှစ်ပေးပါမည်။ Central Link ဘာသာစကားသင်တန်းကျောင်းမှ ပတ်စပို့မရှိသေးသူများအားလမ်းညွှန်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊ အလုပ်လျှောက်လွှာတင်သည်မှ ကိုရီးယားနိုင်ငံသို့ထွက်ခွာချိန်အထိ လိုအပ်သောပံ့ပိုးမှုများကို ကူညီဆောင်ရွက်ပေးပါသည်။
✷နယ်ကျောင်းသားများအတွက် နေ၊စား စီစဉ်ပေးပါသည်။✷
၁၂၇(စီ)၊ ၃လွှာ၊ ဦးချစ်မောင်လမ်း(ဈေးကွေ့မှတ်တိုင်-ရန်ကင်းစင်တာအနီး)၊ဗဟန်း။
09-8651531, 09-73190040, 09-420089723

(ဗိုက်မရစ်ဗိုက်မနာနဲ့
ဝမ်းသွားရတာအားရလိုက်တာ
ရှင်းပြီးပေါ့သွားတာပဲ)လို့
ခံစားပြီးနေ့သစ်ကို ကြိုဆိုလိုက်ပါ။
စုစုအေးအောင်
ဝမ်းမှန်အကြောပြေဆေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၅၆၂၊ မြေကွက်တည်နေရာအမှတ်-၅၆၂၊ (၉)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဗိုလ်မှူးဉာဏ်ထွန်း၊ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးဉာဏ်ထွန်း[၁၁/စတန(နိုင်)၀၀၃၁၆၉]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေလူ့မိတ်ဆွေ

မွေးနေ့ဆုတောင်း

ဖေဖေ ဦးငွေးလွင် - မေမေ ဒေါ်ငွေးငွေးဆင့်တို့၏ တစ်ဦးတည်းသော သားမောင်မင်းစည်သူ (၂၀၁၄) ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (၅)ဘာသာဂုဏ်ထူးရှင် အထက (၅) ဗိုလ်တထောင် ၏ (၆-၈-၂၀၁၄) ရက်တွင် ကျရောက်သော (၁၆)နှစ် မြောက် မွေးနေ့မှသည် ရည်မှန်းချက်များပြည့်စုံ၍ ဘဝတစ်လျှောက်လုံးအောင်မြင်မှုများစွာဖြင့် ပျော်ရွှင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘိုးဘိုး ဦးတင်ထူး
ချစ်ဖေဖေ ဦးငွေးလွင် (မိုင်းဆတ်ခရိုင်တရားသူကြီး)
ချစ်မေမေ ဒေါ်ငွေးငွေးဆင့် (ပညာရေး-ငြိမ်း)
ချစ်မမကြီး ဒေါက်တာမေသူနိုင်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
ချစ်မမလေး မသီဂီဝင်း (1st Year Y.T.U)

ပုဒ္ဒဟူးကို ပိုထူးစေတဲ့ ပေါ်ပြူလာနယူးစ်
ထွက်ပြီ
No.31 Vol.6
POPULAR News Journal
Right decisions come from wide vision.
■ ပြည်သူတွေတကယ်သုံးမှာ ဘယ်ဖုန်းဖြစ်မလဲ?
■ အီဘိုလာဗိုင်းရပ်စ်နဲ့ နောက်ဆုံးရသတင်းများ
■ ကမ္ဘာမြေရဲ့ ဒေါသတေး (သို့မဟုတ်) .........

ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂+၃+၄)
စီမံခန့်ခွဲရေးကော်မတီ
11-KV,Feeder (၂-လုံး)မှ (၂၅၀၀ပေ)နှင့်(၁၆၀၀ပေ)
လိုင်းအသစ်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၂+၃+၄) အတွင်းရှိ စက်ရုံများသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးနိုင်ရန် (ခွဲရုံ-၄)တွင်ရှိပြီး ဖီဒါ-(၂-လုံး)မှ လိုင်းအသစ် တိုးချဲ့တပ်ဆင်ခြင်း(၂၅၀၀ပေ)နှင့်(၁၆၀၀ပေ)ကို Insulated လျှပ်စစ်ကြိုးဖြင့် နှစ်ထပ်လိုင်း ဆက်စပ်တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံနှင့် စည်းကမ်းချက်၊ စတင်ရောင်းချမည့်ရက် | -၆-၈-၂၀၁၄ရက် |
| ၃။ | Company Profile အပါအဝင်၊ Technical Experience၊ Price Quotation၊ အာမခံငွေသွင်းချလန်နှင့်အတူ တင်ဒါနောက်ဆုံးထားတင်သွင်းရမည့်ရက်နှင့်အချိန် | -၁၉-၈-၂၀၁၄ရက် -(၁၆း၀၀)နာရီ |

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

စီမံခန့်ခွဲရေးကော်မတီ
ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂+၃+၄)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၆၁၈၁၅၇၊ ၆၁၈၅၈၅၊ ၆၁၈၂၅၄




# THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

The arrival of BMW in Myanmar marks a significant change in the way you experience luxury. As the world's number one luxury car brand, our commitment to the highest standards mean you no longer have to compromise, starting with the BMW X5 xDrive35i. Its BMW TwinPower Turbo six-cylinder in-line engine provides smooth running and a torque at 400Nm while its 306hp takes only 6.5 seconds to sprint from 0 to 100 km/h.

(3 years Warranty, inclusive 3 years Maintenance Service and 1 year Comprehensive Motor Insurance)

The wait is now over. Please visit to display room : **P5 Parking, Junction Square, Between Kyun Taw Road and Pyay Road, Kamayut Township**. Contact : **09 8633 209** or email **info@pac-bmw.com** to experience Sheer Driving Pleasure.

**PRESTIGE AUTOMOBILES.**
**MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.**

**BMW EfficientDynamics**
**Less emissions. More driving pleasure.**

# မကွေးဆေးရုံကြီးရှေ့ ဆိုင်ကယ်ကယ်ရီများမှ ချို့တဲ့သူများကို ကရုဏာကြေးသာယူ၍ဝန်ဆောင်မှုပေး

**မကွေး၊ ဩဂုတ် ၅**

ဆိုင်ကယ်ကယ်ရီသမားအများစုမှာ ဆေးရုံဝန်ထမ်းမိသားစုဝင်များဖြစ်ကြပြီး တစ်ဖက်တစ်လမ်းမှ အိမ်စရိတ်ဝင်ငွေရှာကြရာ အဆိုပါဆိုင်ကယ် ကယ်ရီအဖွဲ့သည် ငွေကြေးချို့တဲ့သူများထံမှ ကရုဏာကြေးကိုသာယူပြီး၊ တစ်ခါတစ်ရံ အခမဲ့ကုသိုလ်ယူ ဝန်ဆောင် မှုများလည်းရှိကြောင်း၊ ဆေးရုံကြီး၏ သာရေးနာရေးနှင့် အလှူအတန်းများတွင်လည်း အဖွဲ့လိုက် လှူဒါန်းမှုများရှိကြောင်း၊ အဖွဲ့တွင် တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုတစ္စာဖြင့် အလှည့်ကျ ဆိုင်ကယ်ကယ်ရီပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"တစ်နေ့ကို ခရီးသည်ပြေးဆွဲရမှု အပေါ်မူတည်ပြီး ဝင်ငွေ ကျပ် ၁၅၀၀ ကနေ ၄၀၀၀ ကျပ်အထိ ပျမ်းမျှရကြပါတယ်။ မြို့တွင်းကို ၅၀၀ ကျပ်၊ မြို့ပြင်နယ်ဝေးကို ခရီးအပေါ်မှာကြည့်ပြီးတော့ ၂၀၀၀ ကနေ ၃၀၀၀ ကျပ်အထိ ယူပါတယ်။ ဆိုင်ကယ်ပြေးဆွဲတဲ့အခါ သက်ဆိုင်ရာယာဉ်စည်းကမ်းနှင့်အညီ ဦးထုပ်၊ လိုင်စင်နဲ့ ဗီးတက်တွေလည်း အမြဲဆောင်ထားပါတယ်။ သတင်းစာ၊ ဂျာနယ်တွေမှာ ဆိုင်ကယ်ကယ်ရီသမားတွေကို ခရီးသည်ယောင်ဆောင်ပြီး လုတာယက်တာတွေ ဖတ်ဖူးတော့ အသိ၊ သတိတရားနဲ့ယှဉ်ပြီး အလုပ်လုပ်ရတာပေါ့"ဟု ဆိုင်ကယ်ကယ်ရီပြေးဆွဲသူတစ်ဦးက ပြောသည်။

မကွေးဆေးရုံသည် တိုင်းဒေသကြီးဆေးရုံဖြစ်သည်နှင့်အညီ ဆေးဝါး၊ ပစ္စည်းကိရိယာလည်းစုံလင်သည့်အတွက် အနီးဝန်းကျင်မြို့နယ်များနှင့် ကျေးရွာများမှ အရေးပေါ်လာရောက်ကုသမှုများပြားပြီး သွားရေးလာရေးတို့အတွက် သုံးဘီးယာဉ်များနှင့် ဆိုင်ကယ်ကယ်ရီ များကိုသာ အဓိကအားထားကြရသည်။ သုံးဘီးယာဉ်ရပ်နားသည့်နေရာနှင့် ဆိုင်ကယ်ကယ်ရီရပ်နားရာကို တိကျစွာခွဲခြားသတ်မှတ်ထားသောကြောင့် အငှားစီးနင်းသူများအဆင်ပြေလျက်ရှိသည်။

**ဖူးပွင့်နေခြည်(မကွေး)**

## ပြည်တော်သာချောင်းကိုဖြတ်၍ကျေးရွာချင်းဆက် ပြည်တော်သာတံတား ဆောက်လုပ်ပြီးစီး

**ကလေး၊ ဩဂုတ် ၅**

ကလေးမြို့နယ် အနောက်မြောက်ဘက် ကျေးရွာများသည် ကလေး-ရာဇဂြိုလ်-တမူးလမ်းကို ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုကြပြီး အဆိုပါလမ်းမပေါ်တွင် ပြည်တော်သာချောင်းကိုဖြတ်၍ ပြည်တော်သာတံတားဆောက်လုပ်ပေးခြင်းကြောင့် ယာဉ်ကြီးယာဉ်ငယ်များ ရာသီမရွေး အချိန်အခါမရွေး သွားလာနိုင်ကြပြီဖြစ်သည်။

ပြည်တော်သာတံတားသည် အရှည် ၁၄၀ ပေ၊ အကျယ် ၁၂ ဒသမ ၆ ပေ ရှိပြီး ကျပ်သန်းပေါင်း ၅၂ ဒသမ ၃၂ သန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း ကလေးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံ ဆောက်လုပ်သူထံမှ သိရသည်။

ကလေးမြို့၏ အနောက်မြောက်ဘက်လမ်းမပေါ်ရှိ ပြည်တော်သာတံတား ဆောက်လုပ်ပြီးစီးခြင်းကြောင့် ကလေးမြို့နယ်အနောက်မြောက်ဘက်ကျေးရွာအုပ်စု ပြည်သူများသည် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးများတွင် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

## မကွေးမြို့နယ် မကြီးကန်ကျေးရွာမှ ဆောင်းဘောက် လုပ်ငန်းများ အရောင်းတွင်ကျယ်

**မကွေး၊ ဩဂုတ် ၅**

မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာတွင် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုစီးပွားရေးအဖြစ် ဆောင်းဘောက် (Song box) ပြုလုပ်ခြင်းလုပ်ငန်းကို ကုန်ကြမ်းမှ ကုန်ချောအထိ တွင်ကျယ်စွာ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

အလှူ၊ မင်္ဂလာဆောင်၊ ဇာတ်သဘင်များနှင့် အခမ်းအနားအမျိုးမျိုးတွင် အသုံးပြုသော ဆောင်းဘောက်များကို အထပ်သားဖြင့် ဆောင်းဘောက်အိမ်ပြုလုပ်ပြီး ကုန်ကြမ်းပစ္စည်းများကို မန္တလေးမှမှာယူ၍ စပီကာနှင့် အီလက်ထရောနစ်ပစ္စည်းများကို ရန်ကုန်မှလည်းကောင်း၊ သံဆန်ခါနှင့် အသေးစားကုန်ကြမ်းပစ္စည်းများကို မကွေးမှလည်းကောင်း အဓိကမှာယူတင်သွင်းကြောင်း သိရသည်။

မကြီးကန်ကျေးရွာမှ ထုတ်လုပ်သော ဆောင်းဘောက်များကို မကွေး၊ မင်းဘူး၊ မင်းလှ၊ တောင်တွင်းနှင့် ရေနံချောင်းမြို့များမှ အီလက်ထရောနစ်ပစ္စည်းအရောင်းဆိုင်များ၊ ဇာတ်သဘင်များ၊ စားသောက်ဆိုင်များနှင့် ထီအရောင်းဆိုင်များမှ အော်ဒါမှာယူလေ့ရှိပြီး သီတင်းကျွတ်လမှ နတ်တော်လအတွင်းနှင့် သင်္ကြန်ကာလဝန်းကျင်များတွင် ပို၍အလုပ်တွင်ကျယ်ကြောင်း၊ ဆောင်းဘောက်လုပ်ငန်းအတွက် နေ့စားအလုပ်သမားများငှားရမ်းထားရပြီး အလုပ်သင်ဝန်ထမ်းတစ်ဦးလျှင် ကျပ် ၃၀၀၀ နှင့် ကျွမ်းကျင်ဝန်ထမ်းတစ်ဦးလျှင် ကျပ် ၄၀၀၀ အထိပေးရကြောင်း သိရသည်။ ဆောင်းဘောက်ထုတ်လုပ်ခြင်းလုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိသူ ဦးသိန်းငွေက "ဆောင်းဘောက်တွေကို (US) ကလာတဲ့ဒီဇိုင်းပုံစံထုတ်လုပ်တာကို လူကြိုက်များတယ်။ စပီကာနဲ့ အီလက်ထရောနစ်ပစ္စည်းတွေကို တရုတ်ပစ္စည်းမသုံးဘဲ ထိုင်းပစ္စည်းကို အဓိကထားသုံးတယ်။ မူပိုင်အဖြစ် B.M(Bermese Soung) တံဆိပ်သုံးတယ်။ စပီကာတွေကို ၁၂ လက်မ ကနေ ၁၈ လက်မအထိသုံးပြီး ၁၈ လက်မနှစ်လုံးတပ်တစ်လုံးကို ကျပ်ငွေသုံးသိန်းခွဲ၊ ၁၈ လက်မ တစ်လုံးတပ်တစ်လုံးကို ကျပ်ငွေနှစ်သိန်း၊ ၁၂ လက်မ တစ်လုံးတပ်တစ်လုံးကို ကျပ်ငွေခုနစ်သောင်း သတ်မှတ်ထားပြီး ဇာတ်သဘင်၊ စားသောက်ဆိုင်တွေနဲ့ ထီဆိုင်လုပ်ငန်းရှင်တွေက အများဆုံးအော်ဒါမှာယူကြပါတယ်" ဟု ပြောပြသည်။

**ကျော်စွာ(မကွေး)**

# ကော့သောင်းတွင်ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးရေးဆောင်ရွက်

**ကော့သောင်း၊ ဩဂုတ် ၅**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့သည် မြို့နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေနိုင်ရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေး၊ စီပွားရေးလုပ်ငန်းယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးရည်ရွယ်ကာ လျှပ်စစ်ဓာတ်အားကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအထိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပုဂ္ဂလိက ပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ၂၄ နာရီ ဖြန့်ဝေပေးလျက်ရှိရာ လျှပ်စစ်အန္တရာယ်ဖြစ်စဉ်များ လျော့နည်းကျဆင်းရေး ၊ မြို့နေ လျှပ်စစ်ဓာတ်အား သုံးစွဲသူ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ရည်ရွယ်၍ ဩဂုတ် ၃ ရက်က လျှပ်စစ်အန္တရာယ်ကင်းဝေးရေး လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယင်းသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားလုပ်ငန်း ဝန်ထမ်းများက မြို့အနှံ့ပို့လွှတ်နေသည့် ဓာတ်အားလိုင်းများရှိ ပေါက်ပြဲဆွေးမြည့်နေသည့် ကေဘယ်ကြိုးများအား လိုက်လံစစ်ဆေး ပြုပြင်လဲလှယ်တပ်ဆင်ခြင်း၊ ဆွေးမြည့်ကာ အန္တရာယ်ဖြစ်နိုင်သည့်ဓာတ်တိုင်များ အသစ်လဲလှယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလျော့နည်းပျောက်ဆုံးမှုကျဆင်းကာ အများပြည်သူဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေး၊ ဓာတ်အားလိုင်းကြိုးများနှင့် ထိညိ၍ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းဘေးဝဲယာသစ်ပင်ကြီးများအပါအဝင် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို စက်ယန္တရားများ အသုံးပြုလျက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ငန်းကဏ္ဍတိုင်းအတွက် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည်နှင့်အညီ လျှပ်စစ်ကြောင့် ထိခိုက်သေကြေပျက်စီးဆုံးရှုံးရမှု အခြေအနေများ ဖွံ့ဖြိုးပြီးနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံမြို့ရွာများတွင်လည်း ဖြစ်ပေါ်ကြုံတွေ့နေသည်ကို အခါအားလျော်စွာ သတင်းမီဒီယာများ၌ ဖတ်ရှုနေရသည်။

**ကော့သောင်း(ပြန်/ဆက်)**

လုပ်ငန်းသုံးအင်္ဂလိပ်စာ
10 Aug မှစ
Sunday (8.30 to 10.30) am
• Strategic Reading Sat + Sun - 8:30 to 10.30 am
• Basic Grammar Fri+Sat - 4:00 to 7:15 pm
• Basic Four Skills Mon to Fri - 8:30 to 10:00 am
• Speaking Mon + Fri - 7:00 to 8:15 am
Saya Tun Sein EEE 214 09 5185225

No. 11 August
EVER ENGLISH
Audio-Video CD ဖြင့် 5 Skills
CD

ROYAL SUN
01-212651,09-30309551

ရောင်းမည်
4500L
2.194 7200 Sqft.
0.206 19000L
3RC, 6 MBR, 1 BR,
42
40 x 60 4000L
40 x 60,1PT 1300L
40 x 60,1PT 1100L
6800L

ကျန်းမာရေးဆောင်းပါး

# ကောင်းမွန်စွာအိပ်စက်နိုင်ဖို့

à r,f(k(eq;0;wuúlf)

အိပ်စက်ခြင်းဟာ လူသားတွေအတွက် အလွန်အရေးပါပါတယ်။ တစ်နေ့တာ ၂၄ နာရီရှိရာမှာ အရွယ်ရောက် လူသားတစ်ဦးအတွက် ပျမ်းမျှအိပ်ချိန် ရှစ်နာရီလိုအပ်ပါတယ်။ ဒါကြောင့် လူ့ဘဝရဲ့ သုံးပုံတစ်ပုံဟာ အိပ်စက်ခြင်းနဲ့ ကုန်ဆုံးရပါတယ်။ အိပ်စက်တယ်ဆိုတာ တစ်နေ့တာ လုပ်ကိုင်ခဲ့ရတာတွေအတွက် ပင်ပန်းမှုတွေကို ပြေပျောက်စေဖို့ အနားယူခြင်းပါပဲ။ လူဟာ စက်ရုပ်မဟုတ်တဲ့အတွက် ပင်ပန်းမှုတွေခံစားရပါတယ်။ စက်တောင် အချိန်တိုင်း အသုံးပြုရင် အလွယ်တကူပျက်စီးတာမို့လို့ လူသားတို့လည်း အချိန်တိုင်းအလုပ်လုပ်ရင် အသက်တိုပါတယ်။ ဒါကြောင့် အနားယူအိပ်စက်ခြင်းကတော့ မပြုလို့မရပါဘူး။

ဒီလိုအနားယူရာမှာလည်း သက်သောင့်သက်သာနဲ့ ပြည့်ပြည့်ဝဝ အနားယူဖို့လိုပါတယ်။ မဟုတ်ရင် ကောင်းမွန်ပြည့်ဝမှုမရှိတဲ့ အိပ်စက်ခြင်းကြောင့် လုပ်ငန်းခွင်မှာလည်း ထိခိုက်နိုင်ပါတယ်။ အိပ်ရေးပျက်ပါများရင် ကျန်းမာရေးလည်းထိခိုက် မှတ်ဉာဏ်လည်းချို့ယွင်းနိုင်တာမို့လို့ လူသားတိုင်း နေ့စဉ် ၈ နာရီမျှ အိပ်သင့်ပါတယ်။

တချို့လူတွေက စိတ်ဖိစီးလို့တစ်မျိုး၊ အလုပ်များလို့တစ်ဖုံ အတွေးတွေရှုပ်ထွေးပြီး အလွယ်တကူအိပ်မပျော်မိရာကနေ အိပ်ရေးပျက်လာတတ်ပါတယ်။ နောက်ပိုင်း အိပ်ချိန်လည်းမမှန်တော့ဘဲ အိပ်ရမယ်လို့သိပေမယ့် အိပ်လို့မရတာတွေအထိ ဆိုရွားနိုင်ပါတယ်။ ဒါကြောင့် အိပ်ပျော်စေဖို့ (တစ်နည်း) ကျန်းမာရေးနဲ့ ညီညွတ်စွာ အိပ်စက်နိုင်ဖို့ နည်းလမ်း ၉ ချက်ကို မျှဝေလိုက်ပါတယ်။

**(၁) အိပ်ချိန်ပုံမှန်ရှိပါစေ**

အချို့လူတွေ အိပ်ရေးပျက်ကြတာက အိပ်ချိန်မမှန်လို့ပါ။ မနေ့က ည ၁၀ နာရီအိပ်တယ်။ တစ်နေ့က ည ၁၁ နာရီမှာ အိပ်တယ်။ ဒီနေ့ကျတော့ ည ၁၂ နာရီထိုးတာတောင် မအိပ်ရသေး။ ဒီလိုတွေ အိပ်ချိန်မမှန်လို့ အိပ်ရေးပျက်ရတာပါ။ ဒါကြောင့် ည ၁၀ နာရီဆို ၁၀ နာရီ ၁၁ နာရီဆို ၁၁ နာရီ တိတိကျကျထားပြီး အိပ်ရာဝင်တတ်ပါစေ။ ဒီအချိန်ရောက်တာနဲ့ အိပ်ရာထဲဝင်ပြီး မအိပ်ချင်သေးရင်လည်း မျက်လုံးမှိတ်ပြီး အိပ်ပျော်အောင်ကြိုးစားပါ။ ရက်အနည်းငယ်အတွင်း အိပ်ချိန်မှန်ပြီး အိပ်ရေးဝလာပါလိမ့်မယ်။

**(၂) အိပ်ခါနီးချိန်မှာ ကော်ဖီမသောက်ပါနဲ့**

ကော်ဖီကို လူအများစုသောက်တတ်ကြပါတယ်။ အလုပ်လုပ်နေချိန် ကော်ဖီသောက်တာက ကိစ္စမရှိပေမယ့် အိပ်ခါနီးအချိန်ဆိုရင်တော့ ကော်ဖီမသောက်ပါနဲ့တော့။ ကော်ဖီမှာပါတဲ့ ကဖင်းဓာတ်ကြောင့် စိတ်တွေနိုးကြားပြီး မျက်လုံးကိုကြောင်စေပါတယ်။ ဒီအခါ အိပ်ရေးပျက်ပြီး မနက်ပိုင်းလုပ်ငန်းခွင်မှာ ထိခိုက်နိုင်ပါတယ်။ ဖြစ်နိုင်ရင် ည ၈ နာရီနောက်ပိုင်း ကော်ဖီမသောက်တာ အကောင်းဆုံးပါပဲ။

**(၃) အိပ်ခါနီး ဝမ်းဗိုက်ပြည့်အင့်အောင် မစားပါနဲ့**

အစာစားပြီးရင် လူက အစာဆိပ်နဲ့ အိပ်ချင်လာကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ပြည့်အင့်အောင် စားလိုက်ရင် မအီမသာဖြစ်ပြီး အိပ်လို့မရတော့ပါဘူး။ နောက်တစ်ချက်က အစာစားပြီးအိပ်တဲ့အခါ အစာမကြေလို့ ကျန်းမာရေးနဲ့ မညီညွတ်ပါဘူး။ ဒါကြောင့် အိပ်ခါနီးမှာအစာကို ပြည့်အင့်အောင် မစားပါနဲ့။

> **စိတ်ဖိစီးလို့တစ်မျိုး၊ အလုပ်များလို့တစ်ဖုံ အတွေးတွေ ရှုပ်ထွေးပြီး အလွယ်တကူအိပ်မပျော်မိရာကနေ. . . .**

**(၄) အစာမရှိဘဲလည်း မအိပ်စက်ပါနဲ့**

ဝမ်းထဲမှာ အစာလုံးဝမရှိဘဲနဲ့လည်း မအိပ်စက်သင့်ပါဘူး။ ဟာနေတဲ့ဝမ်းဗိုက်ကလည်း အသံတွေမြည်ပြီး အစာတောင်းနေလို့ အိပ်ပျော်ဖို့ခက်ပါတယ်။ ဆိုလိုတာက ညခင်းစာ ဘာမှမရှိဘဲမအိပ်စက်ဖို့ပါ။ အနည်းဆုံး ရေတစ်ခွက်နဲ့တစ်ခွက် သို့မဟုတ် ငှက်ပျောသီးတစ်လုံးစားပြီး အိပ်သင့်ပါတယ်။ မနက်သဘော် ညငှက်ပျောလို့ မြန်မာစကားရှိတာမို့လို့ အိပ်ချိန်မှာ ဝမ်းဗိုက်ထဲမှာ အစာအနည်းငယ်တော့ ရှိပါစေ။ မဟုတ်လည်းဗိုက်ဆာနေတဲ့ ဝမ်းဗိုက်တော့မဖြစ်ပါစေနဲ့။

**(၅) ရုပ်မြင်သံကြားတို့ ကွန်ပျူတာတို့ကို ပိတ်လိုက်ပါ**

ရုပ်မြင်သံကြားကလာတဲ့ အလင်းတွေ ကွန်ပျူတာကလာတဲ့ အလင်းရောင်တွေဟာ မျက်လုံးကိုကျယ်စေပြီး အိပ်ချင်မှုကို ပျောက်စေပါတယ်။ ဒါကြောင့်လည်း မအိပ်ခင် တစ်နာရီကတည်းက လပ်တော့တွေ ကွန်ပျူတာတွေကို ပိတ်ကြပါလို့ သတင်းတွေမှာ ဖော်ပြတာပါ။ မျက်လုံးတွေက အလင်းရှိနေရင် အလွယ်တကူ အိပ်မပျော်နိုင်တာမလို့ အိပ်ချိန်မှာလည်း ဒီအရာတွေကို ပိတ်ထားရမှာဖြစ်ပါတယ်။ ဒါမှစိတ်အေးချမ်းစွာ အိပ်စက်အနားယူနိုင်မှာပါ။

**(၆) အိပ်စက်မယ့်နေရာက တိတ်ဆိတ်ပါစေ**

ဆူညံတဲ့ပတ်ဝန်းကျင်မှာဆိုရင် အသံမျိုးစုံကြောင့် အိပ်ပျော်ဖို့ခဲယဉ်းပါတယ်။ အနားယူတဲ့နေရာအတော်များများဟာ အသံတွေကင်းပြီး ငြိမ်သက်တဲ့နေရာတွေ ဖြစ်ကြပါတယ်။ ပြင်ပဆူညံရင် စိတ်လည်းရှုပ်ရပါတယ်။ ပြင်ပတိတ်ဆိတ်ရင် စိတ်လည်း ငြိမ်သက်ပါတယ်။ ဒါကြောင့် အိပ်ခါနီးမှာ ဖွင့်ထားတဲ့သီချင်းတွေရှိရင် ပိတ်လိုက်ပါ။ နားအေးပါးအေးမှ သက်သာလျင်မြန်စွာ အိပ်စက်နိုင်မှာဖြစ်ပါတယ်။ အာရုံခံတတ်တဲ့နားကြောင့် အသံကြားနေရရင် အလွယ်တကူအိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး။

**(၇) လေ့ကျင့်ခန်းပုံမှန်ရှိပါစေ**

ပုံမှန်လေ့ကျင့်ခန်းရှိတာဟာလည်း အလွယ်တကူ အိပ်ပျော်နိုင်ဖို့ အထောက်အကူပြုပါတယ်။ အလွယ်ဆုံးလေ့ကျင့်ခန်းကတော့ နေ့စဉ်လမ်းလျှောက်တာပါပဲ။ ဒီလိုဆိုရင် မပင်ပန်းအိပ်ရေးလည်းဝလို့ အရာရာမှာ တက်ကြွလာမှာဖြစ်ပါတယ်။

**(၈) သက်သောင့်သက်သာရှိတဲ့ အိပ်ရာခင်းမှာအိပ်ပါ**

သက်သောင့်သက်သာရှိတဲ့ အိပ်ရာခင်းဟာလည်း လူကိုအိပ်ပျော်မြန်စေပါတယ်။ ခေါင်းအုံးအိအိကြောင့် ဦးခေါင်းမနာသလို အိပ်ရာခင်းကောင်းကြောင့်လည်း ကျောမနာတော့ အိပ်ရတာအဆင်ပြေပါတယ်။ လိုအပ်ရင် စောင်ကို ခင်းအိပ်ပါ။ နွေးထွေးရင်လည်း ခုလိုအေးတဲ့ရာသီမှာ အိပ်ပျော်မြန်စေပါတယ်။

**(၉) နှိုးစက်ကို အချိန်ပေးထားပါ**

မိမိအိပ်တဲ့ အချိန်ကနေ ၇ နာရီ ၈ နာရီစာ နှိုးစက်ပေးထားပါ။ နှိုးစက်မြည်မှ အိပ်ရာကထပါ။ ဒါဆို ကျန်းမာရေးနဲ့ ညီညွတ်တဲ့အိပ်ချိန်ကို ရရှိပါလိမ့်မယ်။ ကျန်းမာရေးလိုက်စားတဲ့သူတွေကို မေးကြည့်ရင် နေ့စဉ် ပျမ်းမျှ ၈ နာရီ အိပ်စက်ပါတယ်လို့ ပြောကြပါတယ်။ ဒါကြောင့် အိပ်ချိန်မှန်ဖို့ ကြိုးစားသင့်ပါတယ်။ အချို့ဆို မအိပ်ပျော်ကြလို့ Natural Sleep ဆိုတဲ့ဆေးတွေ မှီဝဲကြတာကို မြင်ဖူးပါတယ်။ အချို့က အိပ်ဆေးသောက်ကြပါတယ်။ ဒီလိုဆေးတွေကသောက်တိုင်းမကောင်းပါဘူး။ ပုံမှန်လေးလည်ပတ်နိုင်ရင် ဆေးမလိုပါဘူး။ ဆေးအာနိသင်ထက် သဘာဝကို ပိုအားပေးသင့်ပါတယ်။ အကျင့်လုပ်ရင် ဘယ်အရာမဆို ရပါတယ်။ အထက်ပါအလေ့အကျင့်ကိုးချက်ကို မှန်မှန်လုပ်ကြည့်ပါ။ အိပ်ရေးဝဝအိပ်ရလို့ ကျန်းမာလန်းဆန်းပြီး ပေါ့ပါးလာပါလာပါလိမ့်မယ်။




ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ နေ့ချင်းပေါက်ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။ ယခင်က သတင်းစာများကို ပြည်သူလက်ထဲရောက်ရှိအောင် နေပြည်တော်မှ တစ်ဆင့် ရန်ကုန်မှဖြန့်ဝေသောကြောင့် နယ်များသို့ သတင်းစာအရောက်နောက်ကျခဲ့ရပြီး ယခုအခါပြည်သူများလက်ဝယ်သို့ သတင်းစာများနေ့ချင်းပေါက်ရောက်ရှိစေရန် မော်လမြိုင် (ကိုယ်ပွားသတင်းစာတိုက်) မှ သတင်းစာများကို ပုံနှိပ်စက်ကြီးဖြင့် ရိုက်နှိပ်၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များသို့ နေ့ချင်းပေါက် ဖတ်နိုင်ရန် ဇူလိုင် ၂၇ ရက် မှစ၍ စတင်ဆောင်ရွက် ဖြန့်ချိပေးလျက်ရှိသည်။

သတင်းနှင့် ဓာတ်ပုံ - နိုင်နိုင်ထွန်း (ကျုံဒိုး)

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်ရှိ မြေကွက်များ ဈေးကောင်း ပေးဝယ်သည်၊ အိမ်အရောက်ငွေပေးချေသည်။
09-43124097

CAR SHOW ROOM ဖွင့်ရန် သင့်တော်သည့်မြေ
(၄)ဧကကျော် ရောင်းမည်


ဆရာရှင်မင်း (B.A)

“ ကမ္ဘာ့စွမ်းအားစုကြီးများ ”
ထွက်ပြီ
“စကြာဝဠာအစွန်းသို့ ခရီးနှင်ခြင်း”
အောင်မြင်ကျော်
ထွက်ပြီ
(Forever Green)
Forever Green စာပေ

EDUMAP Language Centre
- General English Course (4 Skills)
- Phonetics
- Intensive Interview
- TOEFL / IELTS
- Chinese Japanese Korean Malay Thai German French Spanish Italian Russian

ကန့်ကွက်နိုင်ပါကြောင်း

မိုနံဒါဖက်ရှင်
- Ph:01-292129, 09-250388594, 09-428016552
- E-mail:kyunedee@gmail.com

# ပုဂံခေတ်လက်ရာမွန်များရှိသည့်တမုတ်ရွှေဂူကြီးဘုရားသို့ တောင်ပြုန်းပွဲရာသီတွင် ဘုရားဖူးလာရောက်သူများပြား



**ကျောက်ဆည်၊ ဩဂုတ် ၅**

ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်းရွာ၊ ညောင်ပင်ဇောက်ရွာနှင့် ငယ်တိုးကျေးရွာများအနီးရှိ တမုတ်ရှင်ပင် ရွှေဂူကြီးဘုရားသည် ထူးခြားလှပသော ပုဂံခေတ် ပန်းတော့လက်ရာမွန်များနှင့် ရှေးဟောင်းသုံးထပ်ဆင်းတုတော်များ တည်ရှိနေသဖြင့် နေ့စဉ်လာရောက်ဖူးမြော် လေ့လာသူများနှင့် စည်ကားလျက်ရှိနေကြောင်း၊ ယခုအခါ တောင်ပြုန်းပွဲတော်ရာသီသို့ ရောက်ရှိသဖြင့် နေ့စဉ်ဘုရားဖူးသူများနှင့် စည်ကားနေကြောင်း သိရသည်။

အဆိုပါ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားကို ပုဂံပြည့်ရှင်အနော်ရထာမင်းစောက အထွဋ်တင်တစ်ထပ်ဂူဘုရားအဖြစ် စတင်တည်ထားခဲ့ပြီး ပျက်စီးယိုယွင်းလာသည့် မူလအထွဋ်တင်ဂူဘုရားအား ပုဂံခေတ်နှောင်းပိုင်းတွင် မြစ်တော် နရပတိစည်သူမင်းက ကွန်းတောင်ပေါက် နှစ်ထပ်ဂူဘုရားအဖြစ် အမွန်းအပြောက်၊ အနုစိတ်ပန်းတော့လက်ရာများ မွန်းထုံကာ ပြန်လည်တည်ထားခဲ့ပြီး နောက်ဆုံး ပင်းယခေတ် သက္ကရာဇ် ၆၈၄ ခုနှစ်တွင် ဥဇနာမင်းကြီးလက်ထက်တွင် စေတီတော်၊ သိမ်တော်နှင့် ဆင်းတုတော်များကို ထပ်မံလွှမ်းငုံ၍ စေတီတော်အသစ်အဖြစ် ထပ်မံတည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပင်းယခေတ်စေတီတော်ကြီးမှာလည်း ပင်းယပျက်သုဉ်းပြီးနောက် နှစ်ပေါင်းများစွာကြာမြင့်သည်နှင့် သဘာဝဘေးဒဏ်တို့ကြောင့် အုတ်ပုံဘုရားပျက်ကုန်းအဖြစ် ရောက်ရှိကာ တောချုံဖုံးလွှမ်းနေခဲ့ပြီး သက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ကြောင်ပန်းကုန်းရွာမှ ဘုရားဒကာ ဦးစံထွားက ဘုရားကုန်းပေါ်တွင် ကိုးတောင်ပြည့်စေတီလေး တည်ထားခဲ့ကြောင်းသိရသည်။

၁၃၅၂ ခုနှစ်တွင် ငယ်တိုးရွာဇာတိ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်မှ ဆရာတော်အရှင်စန္ဒောဘာသသည် တာဝန်ပေးချက်အရ ကြွရောက်သီတင်းသုံးတော်မူပြီး ပြိုပျက်နေသောအုတ်ကျိုးအုတ်ခဲတို့ကို ရှင်းလင်းကြရာမှ ပုဂံခေတ်ပန်းတော့လက်ရာမွန်များ၊ နံရံဆေးရေးပန်းချီများဖြင့် မွန်းထုံထားသည့် အတွင်းစေတီတော်ကို တွေ့ရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ ၁၃၇၀ ခုနှစ်တွင် ရှေးဟောင်းသုတေသနဌာန၏ ခွင့်ပြုချက်ရယူ၍ ဆက်လက်ဖော်ထုတ်ရှင်းလင်းရာ အုံ့ဩဖွယ် ၁၂ ရာစုခေတ် ပန်းတော့အနုလက်ရာမွန်များ၊ ရုပ်ပွားတော်များ ပေါ်ထွက်လာခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာမှုဗိသုကာပညာရှင်နှင့် သမိုင်းသုတေသနပညာရှင် တမ္ပဝတီ ဦးဝင်းမောင်၏ ဆက်လက်ကြိုးပမ်းအားထုတ်မှုကြောင့် စေတီတော်ကြီး၏ မြောက်ဘက်မျက်နှာဘက်မှ ပျူခေတ်အဆောက်အဦနေရာနှင့် အရိုးပြာအိုးများကို ဆက်လက်တွေ့ရှိဖော်ထုတ်နိုင်ခဲ့ကြောင်းလည်း သိရသည်။

တမုတ်ရွှေဂူကြီးဘုရားသည် အနုစိတ်ကနုတ်ပန်းခက်များ၊ အရုပ်မျိုးစုံအမွန်းအပြောက်များ အပြည့်အစုံပါရှိသည့် ကွန်းတောင်ပေါက်၊ နှစ်ထပ်ဂူပြောက်ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံတွင် တစ်ဆူတည်းသာရှိသော အင်္ဂတေစာပါစေတီဖြစ်ခြင်း၊ ပုဂံခေတ်တွင် ထွက်ရပ်ပေါက်ပညာဖြင့် တည်ထားလေ့ရှိသည့် မြောက်ဘက်လှည့်ဂူဘုရားဖြစ်ခြင်း၊ သုံးထပ်ဆင်းတုတော်တည်ရှိခြင်း စသည့် ထူးခြားချက်များကြောင့် သမိုင်းသုတေသီများ၊ ရှေးဟောင်းမြန်မာမှုအနုလက်ရာကို စိတ်ဝင်စားသူများ၊ ဘုရားဖူးမြော်သူများနှင့် နေ့စဉ်စည်ကားနေခြင်းဖြစ်ကြောင်း သိရသည်။

တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသည် ထူးခြားအံ့ဩဖွယ်ရာ ရှေးဟောင်းအနုလက်ရာများ တည်ရှိနေသဖြင့် သုတေသီများ၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာမွန်များကို စိတ်ဝင်စားသူများနှင့် ဘုရားဖူးများအနေဖြင့် သွားရောက် လေ့လာဖူးမြော်သင့်သည့် နေရာဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုအခါ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၏ ထူးခြားသည့်ဂုဏ်သတင်းကြောင့် နေ့စဉ်လာရောက်ဖူးမြော် လေ့လာသူများနှင့် စည်ကားလျက်ရှိနေပြီး အခါကြီးရက်ကြီးများနှင့် ရုံးပိတ်ရက်များတွင် ဘုရားဖူးဧည့်သည်များဖြင့် ပိုမိုစည်ကားလေ့ရှိကြောင်း သိရသည်။

**နန္ဒာမင်းလွင်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ်တွင် ၂၀၁၄ ခုနှစ် အခွန်အကောက် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆွေးနွေး

**လွိုင်လင်၊ ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့၌ ၂၀၁၄ ခုနှစ်၊ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ လွိုင်လင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး (ယာယီ) ဦးကျော်စွာမြင့်က အခွန်ဦးစီးဌာန၏လုပ်ငန်းများ၊ အခွန်အကောက်ဥပဒေဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက်တက်ရောက်လာကြသူများက မရှင်းလင်းသည်များ၊ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် လွိုင်လင်-ပင်လုံ-မိုင်းပွန်တို့မှ အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ပြီး ၎င်းတို့ကိုမြို့နယ်အခွန်ဦးစီးဌာနမှ ၁၉၇၄ ခုနှစ် ဝင်ငွေခွန် ဥပဒေနှင့် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေစာအုပ်များ၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေစာအုပ်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် အခွန်ဆိုင်ရာပြက္ခဒိန်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**ကနီ၊ ဩဂုတ် ၅**

ကျေးလက်နေပြည်သူများ မြန်မာစာပေကိုချစ်မြတ်နိုးစေရန်၊ စာအုပ်စာပေများကို ဖတ်ရှုလာစေရန်နှင့် စာပေမှရရှိသည့် အသိပညာများကို အသုံးချတတ်စေရန်အတွက် ရည်ရွယ်ကာ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် လက်ပံစုကျေးရွာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၁ ရက်က နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်/ဆက်အနေဖြင့် လက်ပံစုကျေးရွာရှိ ပြည်သူများ အမှန်တကယ်စာဖတ်လာစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် စည်းရုံးဟောပြောခဲ့သည်။

**သန်းငွေအောင်(ကနီ)**

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း - ၀၉၅၀၆၂၁၅၊ ၀၉၄၂၀၀၀၁၉၇၅

Condo ငှားမည်။
စမ်းချောင်း၊ ဓမ္မာလမ်း၊ 19' x 65'၊(3)ဖတ်ပွင့်၊
3BR, Fully Decoration, Fully Funiture
Phone : 09-5151033

မြင်ဆင်ပြီးမြေညီထပ်ရောင်းမည်

LCCI-EDI (UK)
LCCI စာရင်းကိုင်သင်တန်း Level 1-2-3
AutoCount & MYOB Computerised Accounting
August-
(55000/-Ks)
09-5118647-73009869-73013432-73028433

ဒဂုံမြို့သစ်မြောက်ပိုင်း
ပင်လုံလမ်းမပေါ် နှင့်အခြားနေရာများ
အခန်းပေး၊အခန်းယူဆောက်ရန်အတွက်
စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီ
များဆက်သွယ်နိုင်ပါသည်။

သစ္စာ၊ မေတ္တာ တိုင်းရင်းဆေးကုခန်း
လိပ်ခေါင်းဝေဒနာရှင်များအတွက် သတင်းကောင်း

ဆောင်းပါး

# "ကမ္ဘာတစ်ဝန်းခြေဆန့်မည့်မြန်မာ့အော်ဂဲနစ်သီးနှံများ"

à &rn-ao,GG

နေပြည်တော် ရာဇသင်္ဂဟလမ်းပေါ်ရှိ ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အဆင့်မြင့်အအေးခန်း၊ အရောင်းပြခန်းသို့ ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက စိတ်ဝင်စားမှုရှိသဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာဖြစ်ပါသည်။

တောင်သူများပညာပေးအစီအစဉ်အရ (Green House) နည်းပညာဖြင့် ကမ္ဘာပေါ်တွင် ရေပန်းစားနေသော ဓာတုကင်းလွတ်အော်ဂဲနစ်သီးနှံများ စံပြထုတ်လုပ်၊ လက်တွေ့ရောင်းချနေကြောင်း တွေ့ရပြီး နိုင်ငံတကာတွင် စိုက်ပျိုးရေးဖြင့် ဝင်ငွေကောင်းလျက်ရှိသော ခေတ်မီနည်းပညာအတိုင်း တောင်သူများအတုယူနိုင်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေခြင်းဟုလည်း သိထားသည်။

လက်ရှိအားဖြင့် ကမ္ဘာပေါ်တွင် အသက်ငါးနှစ်အရွယ် ကလေးသူငယ်လေးဦးအနက် တစ်ဦးမှာ ကြီးထွားမှုနှေးကွေးပြီး၊ ကြုံလှီနေသောအခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိသည်။ တစ်နည်းအားဖြင့် ကမ္ဘာပေါ်ရှိ ၁၆၅ သန်းသော ငါးနှစ်အောက်ကလေးများ၊ အာဟာရချို့တဲ့နေကြောင်း ဆိုပါသည်။ ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကမ္ဘာ့လူဦးရေနှစ်ဘီလျံမှာ ကျန်းမာမှုအတွက် မရှိမဖြစ် ဗီတာမင်နှင့် သတ္တုဓာတ်များ၊ ချို့တဲ့မှုခံစားနေရသလို၊ တစ်ဖက်မှလည်း ဖွံ့ဖြိုးပြီးနိုင်ငံများလူဦးရေ ၁ ဒသမ ၄ ဘီလျံခန့်မှာမူ ရှိသင့်သည့်ကိုယ်အလေးချိန်ထက် ကျော်လွန်ကာ အဝလွန်ရောဂါနှင့် ဆီးချို၊ နှလုံးရောဂါအပါအဝင် ကျန်းမာရေးပြဿနာများစွာနှင့် ရင်ဆိုင်နေရလျက်ရှိသည်။

ဤသည်မှာ ကမ္ဘာ့ပြည်သူများအတွက် အစားအစာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုအပေါ် အဓိကစိန်ခေါ်မှုကြီးဖြစ်နေပြီး၊ ကမ္ဘာ့နိုင်ငံအသီးသီးက စားနပ်ရိက္ခာဖြည့်ဆည်းပေးနိုင်မှု စနစ်တည်တံ့ခိုင်မာရေးကို မီးမောင်းထိုးပြလျက်ရှိကြောင်း ပညာရှင်များက သုံးသပ်ခဲ့ကြသည်။ စားနပ်ရိက္ခာဖူလုံမှု၏ အနက်အဓိပ္ပာယ်ကို ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီးက 'နိုးကြားတက်ကြွပြီး ကျန်းမာခြင်းနှင့်ပြည့်စုံသည့် လူနေမှုဘဝအတွက် လိုအပ်သော အစာအာဟာရနှင့် ကြိုက်နှစ်သက်မှုများကို ဖြည့်ဆည်းပေးနိုင်မည်။ အန္တရာယ်ကင်းကာ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာ ပြည့်ဝလုံလောက်စွာပေးနိုင်စွမ်းရှိမယ့် အနာဂတ်ရုပ်ပိုင်းဆိုင်ရာ စီးပွားရေး အခြေအနေကို ဖန်တီးနိုင်သည့် မိသားစု (သို့) နိုင်ငံတစ်ခု၏ စွမ်းဆောင်ရည်ဖြစ်ကြောင်း' ဖွင့်ဆိုထားသည်။

လက်ရှိအခြေအနေအရ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတို့ကြားတွင် အော်ဂဲနစ်မည်သော ဝေါဟာရသည် တစ်စတစ်စ ကျယ်လောင်လာနေသည်။ မသိယောင် မကြားယောင် ပြု၍မရတော့သော အခြေအနေသို့ ဆိုက်ရောက်လာနေသည်။ ဝယ်လိုအားမည်သောအညာကို ကိုင်လှုပ်လာသည်မို့လည်း အရေးမထားလို့ မဖြစ်တော့ချေ။

တောင်သူလယ်သမားတို့ထံမှ အဓိကထိတွေ့နေရသော



ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ အအေးခန်းအရောင်းဆိုင်တွင် ခင်းကျင်းပြသထားသော သစ်သီးဝလံများ။

လုပ်ငန်းရှင်တို့သည်လည်း ပြည်ပသို့တင်ပို့ရာ၌ အော်ဂဲနစ်စိုက်ပျိုးရေး၏အရေးပါမှုကို သိလာမြင်လာကြပြီလည်းဖြစ်သည်။ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လာကြရပြီလည်းဖြစ်သည်။ ထိုအခါ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကို ဥပက္ခာပြု၍ မရနိုင်တော့ပါ။

မြန်မာပြည်တွင် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဟူ၍ ကျယ်ကျယ်လောင်လောင် ဆိုလာနေကြသော်လည်း အထူးသဖြင့် အနောက်နိုင်ငံများတွင် အော်ဂဲနစ်စိုက်ပျိုးရေး၏ အဆိုးအကောင်း၊ အကျိုးအကြောင်း စူးစမ်းသိမြင်ကာ ၎င်းတို့၏နိုင်ငံတွင်းသို့ တင်သွင်းလာသော စားသောက်ကုန်ကောက်ပဲသီးနှံ၊ သစ်သီးဝလံများကို စိစစ်လက်ခံလာကြသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ မိမိတို့သည်သာ မသိကြ၊ အရေးမလုပ်ကြ၊ မျက်ကန်းတစ္ဆေမကြောက်ဖြစ်နေသည်။

ယင်းနိုင်ငံများသို့ တင်ပို့နေသော နိုင်ငံများကလည်း ထုတ်လုပ်သည့်မိမိတို့၏ ထုတ်ကုန်များပေါ်တွင်ပင် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်အရဖြစ်ကြောင်း အထောက်အထားအဖြစ် ဥပဒေပြဋ္ဌာန်းကာ အမှတ်တံဆိပ်ကပ်၍ တင်ပို့ကြရကြောင်းဆိုပါသည်။ နိုင်ငံတကာဈေးကွက်တွင် ဝင်ဆံ့နိုင်ရန် မိမိတို့၏ထုတ်ကုန်များ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်အရဖြစ်ကြောင်း မည်သည့်အထောက်အထားမှ မပြနိုင်ပါက တင်သွင်းခွင့်မရနိုင်၊ ပိတ်ပင်ခံရခြင်းများ ရှိနေသည်။

အမှန်မှာ အော်ဂဲနစ်စိုက်ပျိုးရေးဟူသည်မှာ သဘာဝနည်းဖြင့် စိုက်ပျိုးရေးသာဖြစ်ပြီး ဓာတုလွတ်စိုက်ပျိုးခြင်းသာဖြစ်သည်။ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ အဓိကရည်ရွယ်သည်မှာ သတ္တလောက၊ လူ၊ တိရစ္ဆာန်၊ သစ်ပင်နှင့် ကမ္ဘာမြေကြီး သုံးပွင့်ဆိုင် အပြန်အလှန် ရေရှည်ခိုင်မြဲတည်တံ့စွာ ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ရသောစနစ် ဖြစ်သည်။

ရှေးရိုးစွဲစနစ်အရ ဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေ သုံးပါလျှင် လယ်ယာမြေထုတ်ကုန်များ အထွက်တိုးမည်။ စားသုံးသီးနှံများပိုမိုအထွက်တိုးမည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူတို့အတွက် အကျိုးရှိမည်မှာ သေချာပါသည်။ သို့သော်လည်း မိမိတို့၏ စိုက်ပျိုးမြေများ ကာလကြာမြင့်စွာ ဓာတ်မြေဩဇာ ဓာတုပစ္စည်းများသုံးစွဲခဲ့မှုကြောင့် မြေဆီလွှာပျက်စီးကုန်မည်သာဖြစ်သည်။ ကမ္ဘာ့မြေလွှာထိခိုက်စေပါသည်။ ထိုထက်မက မြေလွှာအပေါ်ယံတွင် မှီတင်းနေထိုင်ကြသော လူတို့အကျိုးပြု ဗက်တီးရီးယားများလည်း သေကြေပျက်စီးကြရသည်။ ဓာတုပိုးသတ်ဆေးများကြောင့် ပတ်ဝန်းကျင်၏ Eco System ကို ပိုမိုထိခိုက်စေကြောင်း ဒေါက်တာခင်မောင်လွင် (Fame) က သူ့ဟောပြောချက်တစ်ခုမှာ ဆိုထားသည်။

ထို့ကြောင့် ဓာတုဆေးလွတ်စိုက်ပျိုးခြင်းသည်သာ အော်ဂဲနစ်စိုက်ပျိုးရေး (Organic Farming) မည်ပါသည်။ ထိုသို့စိုက်ပျိုးရာတွင် အသုံးပြုမည့်ပစ္စည်း (Organic Matter) ဆိုသည်မှာလည်း အပင်၊ တိရစ္ဆာန်တို့၏ ရုပ်ကြွင်းအစိတ်အပိုင်းများနှင့် မြေဆီလွှာအတွင်း အဆိုပါသက်ရှိများ၏ ဇီဝကမ္မဖြစ်စဉ်အရ ကြွင်းကျန်သော ပဋိပစ္စည်းများဖြစ်သည်။

သီးနှံပင်များ၏ ပင်စည်၊ အရွက်၊ အမြစ်၊ တိရစ္ဆာန်အညစ်အကြေး၊ နွားချေး၊ ဝက်ချေး စသည်တို့ကို မြေတွင်းရှိ သက်ရှိအနုဇီဝများက ဆွေးမြည့်ချေဖျက်ပေးခြင်းဖြင့် မြေဆီလွှာအတွင်း အော်ဂဲနစ်ပစ္စည်း (သဘာဝမြေဆီ၊ မြေဩဇာ) အဖြစ်ပြောင်းလဲ ရရှိလာခြင်းဖြစ်သည်။ သဘာဝနည်းဟုဆိုသဖြင့် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ဟိုမုန်းဆေးများမသုံးစွဲရပါ။ ထုတ်လုပ်မှုစွမ်းအား၌ ဓာတုမြေဩဇာများသုံးစွဲခြင်းသည် အပင်ကစားသုံးမှု မြန်ဆန်သည်။ ဖြစ်ထွန်းမှုအားကောင်းသည်။ အထွက်ပိုမို၍ စီးပွားရေးအကျိုးအမြတ်ရသည်။ သို့ရာတွင် ဓာတုဆေးများ၏ အချိုးအဆ၊ အမျိုးအစား ထည့်သွင်းရသည့်ကာလ၊ လိုက်နာရန်များလည်း ရှိသေးသည်။ သို့ရာတွင်မိမိတို့နိုင်ငံကဲ့သို့ လူဦးရေ တိုးပွားလာသောဖြစ်စဉ်အရ စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်ရေး၊ ဈေးကွက်လိုအပ်ချက်တို့အရ နည်းပညာအသစ်အဆန်းများအသုံးချရန်မှာ ဓာတုစိုက်ပျိုးရေးသည် လိုအပ်နေဦးမည်သာဖြစ်သည်။

ဓာတ်မြေဩဇာ (Chemical Fertilizer) နှင့် သဘာဝမြေဩဇာ (Organic Fertilizer) တို့၏ ကွာခြားမှုကလည်း ရှိနေသည်။ ဓာတ်မြေဩဇာသည် ဓာတုပစ္စည်းများမှ ထုတ်လုပ်သဖြင့် အာဟာရပါဝင်မှု မြင့်မားသည်။ သုံးစွဲရသော နှုန်းထားပိုသွားပါက အပင်အန္တရာယ်ရှိနိုင်သည်။ လေလွင့်ဆုံးရှုံးမှုများမည်။ သီးနှံတစ်မယ်စိုက်တိုင်း ထပ်ခါတလဲလဲ ထည့်သွင်းပေးရသည်။ သယ်ယူစရိတ်သက်သာသည်။ သို့သော် လူသားနှင့် တိရစ္ဆာန်တို့အတွက်မူ ရံဖန်ရံခါ အန္တရာယ်ရှိတတ်သည်။

သဘာဝမြေဩဇာမှာ အပင်နှင့် တိရစ္ဆာန်အညစ်အကြေးများမှ ထုတ်လုပ်သဖြင့် အာဟာရပါဝင်မှုနိမ့်ပြီး သုံးစွဲရနှုန်းများသည်။ မြေဆီလွှာ၏ ဖွဲ့စည်းပုံကောင်းမွန်စေသည်။ အပင်မှာ ဖြည်းဖြည်းချင်းသာ စုပ်ယူစားသုံးနိုင်သည်။ သို့သော်လည်း နှုန်းထားများပါက အန္တရာယ်မရှိပေ။ လေလွင့်ဆုံးရှုံးမှုနည်းကာ လူနှင့်တိရစ္ဆာန်တို့ကို အန္တရာယ်မပေး။ ဒုက္ခမဖြစ်စေပါ။ အပင်ကို အာဟာရဖွံ့ဖြိုးတိုးတက်စေပြီး သီးနှံအရည်အသွေးကောင်းမွန်စေပါသည်။

မိမိတို့ကမ္ဘာကြီးသည် လူသားတို့၏အကျိုးစီးပွားအတွက် တီထွင်ဖန်တီးအသုံးပြုမှုများကြောင့် ဘေးထွက်ဆိုးကျိုးများအဖြစ် သဘာဝပတ်ဝန်းကျင်ပြောင်းလဲပျက်စီးကာ သက်ရှိလောကကို ခြိမ်းခြောက်လာသော အနေအထားသို့ ရောက်ရှိနေသည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုမှု လွန်ကဲခြင်းကြောင့် ရေ၊ မြေ၊ လေ ညစ်ညမ်းကာ အဆိပ်အတောက်သင့်မှုများရှိလာနေသည်။ အာဟာရသီးနှံဓာတ်ကြွင်းများကြောင့် ရောဂါဘယဘေးဥပါဒ်များ တွေ့ကြုံလာနေရသည်။

ပြည်ပနိုင်ငံများ၌ ဓာတုကင်းလွတ်စိုက်ပျိုးကုန် ဈေးနှုန်းပိုမိုရရှိနေခြင်းမှာလည်း ကျန်းမာရေးရှုထောင့်အရ ဖြစ်သည်။ စီးပွားရေးအရဆိုပါက အော်ဂဲနစ်စိုက်ပျိုးရေးမှာ သီးနှံ၏ မူလသဘာဝထွက်ရှိမှုအတိုင်းသာ ထုတ်လုပ်နိုင်မှာဖြစ်ပြီး ပိုးမွှားကျရောက်မှုကြောင့် အနည်းအကျဉ်းလျော့ကျကာ သမရိုးကျဈေးကွက်တွင် ဈေးရရှိမှုနိမ့်မည်သာဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်ဖော်ရန်နှင့် ပြည်ပဈေးကွက်ရှိအောင် ထည့်သွင်းစဉ်းစားဖို့လိုသည်။ သို့မဟုတ်က တောင်သူတို့၏စီးပွားရေး တွက်ခြေကိုက်မည်မဟုတ်။ ထို့ကြောင့်လည်း ကမ္ဘာလုံးအတိုင်းအတာဖြင့် အော်ဂဲနစ်စိုက်ပျိုးရေး တစ်ညီတစ်ညွတ်တည်း ပြောင်းလဲလိုက်ပါက ကမ္ဘာ့စားရေရိက္ခာလုံခြုံမှု (Food Security) ထိခိုက်မည်ဖြစ်ကြောင်း ဆိုနေကြခြင်းဖြစ်သည်။

*စာမျက်နှာ (၁၉) သို့*

AUNG JAPANESE ACADEMY (SINCE 2007)
2015 ...
(1) (14th Aug / Thu, Fri / 8-10 AM)
(2) (14th Aug / Thu, Fri / 12-2 PM)
(3) (16th Aug / Sat, Sun / 2-4 PM)

ငှားရန်ရှိသည်
Ph:09-73186677, 09-5007787

အိမ်နှင့်ခြံရောင်းမည်

ပိုင်ရှင်ထံမှဝယ်မည်

ကားရောင်းမည်
CNG Canter 10' Box

Automatic Compressor Controller
Auto ELECTRICAL & ELECTRONIC PRODUCTS
55,000/- 60,000/-
web: autoelectronicproducts.com
(Single / Three Phase)

Computer Software Engineer ကောင်းတစ်ယောက်ဖြစ်နိုင်ဖို့အတွက်
Programming Fundamental
.NET
Programming
Programming Language ... Programming Concept and Process, Way of Thinking နှင့် Techniques
Programming Language ... Techniques ... (array, control structure (if,while, do....while,for) နှင့် method) ... real-world examples
Problem Solving Skills နှင့် Logical Thinking Skills ... Case-Study ... Flow Chart, Pseudo Code
Gusto IT Professional Institute
Tel : 09-8628806, 09- 73031302, 01-503715, 01- 504532

ဆောင်းပါး

# မှန်မှန်ကန်ကန် ဆုံးဖြတ်ရွေးချယ်ပါ

**à a'jufwrd;fobf(ACTION Study)**

များမကြာသေးမီကပင် မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ၂၀၁၄ ခုနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ပြီဖြစ်ပါသည်။ အောင်မြင်သူများမှာလည်း အပြုံးပန်းများဝေရင်း ပျော်ရွှင်ခဲ့ကြရသလို ကျရှုံးခဲ့သောသူများမှာလည်း ဝမ်းနည်းငိုကြွေးခဲ့ကြပြီဖြစ်ပါသည်။ အောင်မြင်သူများမှာလည်း ဆက်လက်သင်ကြားကြရမည့် အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ တက်မလား၊ နိုင်ငံရပ်ခြားမှာပဲ ပညာဆက်လက်သင်ကြားမလားစသဖြင့် အလုပ်ရှုပ်လာကြပြီဖြစ်ပါသည်။

ကျရှုံးခဲ့သောကျောင်းသားကျောင်းသူများ အနေဖြင့်လည်း မိမိယခုစာမေးပွဲ မအောင်မြင်ခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်ခဲ့ကြရမည် မှန်သော်လည်း လုံးဝ စိတ်ဓာတ်မကျရှုံးဖို့တော့ လိုပါသည်။ မိမိကျရှုံးခဲ့သည်မှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။ မိမိကြိုးစားအားထုတ်မှု ဝီရိယအားနည်းခဲ့၍သော်လည်းကောင်း၊ ကျန်းမာရေး မကောင်းခဲ့သောကြောင့်လည်းကောင်း၊ ပညာသင်ကြားရာတွင် မိသားစုအခက်ခဲ များစွာကြုံတွေ့ခဲ့ရ၍သော်လည်းကောင်း စသဖြင့် များစွာရှိခဲ့နိုင်ပါသည်။

စင်စစ် တက္ကသိုလ်ဝင်စားမေးပွဲစစ်ဆေးပေးခြင်းမှာ အခြေခံပညာရပ်တွင် သိသင့်သိထိုက်သော ရှိသင့်ရှိထိုက်သော ပညာဗဟုသုတများကို စစ်ဆေးခြင်းသာဖြစ်ပြီး ယခုနှစ် မအောင်မြင်ခဲ့ပါက နောင်နှစ်တွင် အောင်မြင်အောင်ကြိုးစားရန် အခွင့်အရေးများရှိသေးသဖြင့် စိတ်ဓာတ်မကျဘဲ ဆက်လက် ကြိုးစားအားထုတ်ကြဖို့သာ လိုအပ်ပါသည်။

စာမေးပွဲစစ်ဆေးခြင်းမှာ မိမိတွင်ရှိသင့်သော ဗဟုသုတများကိုတတ်မြောက်ကြောင်း စစ်ဆေးခြင်းသာဖြစ်ပြီး မအောင်မြင်ခဲ့ပါကလည်း စိတ်ဓာတ်ကျသွားစရာမလိုဘဲ ဆက်လက်ကြိုးစားအားထုတ်ဖို့သာလိုပါသည်။ ယနေ့ထိ အတန်းပညာတွင် မအောင်မြင်ခဲ့ကြသော်လည်း လူသားအကျိုးပြုသိပ္ပံပညာများ တီထွင်ဆန်းသစ်မှုများဖြင့် အောင်မြင်ကျော်ကြားခဲ့ကြသော သိပ္ပံပညာရှင်များ၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် အောင်မြင်ကျော်ကြားနေကြသူများ များစွာရှိနေပါသည်။ စားမေးပွဲတစ်ခု၏ ရမှတ်များက မိမိတစ်ဘဝလုံးတွက် လုံးဝကျရှုံးမသွားစေနိုင်ဘူးဆိုတာကို သတိချပ်သင့်ပါသည်။

ထို့ကြောင့် စာမေးပွဲကျရှုံးသူများအနေဖြင့် မိမိ ယခင်နှစ်က အားနည်းချက်များကို အကောင်းဆုံးပြန်လည်ကုစားပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုကြဖို့ တိုက်တွန်းပါသည်။

စာမေးပွဲအောင်မြင်ခဲ့ကြသူများအနေဖြင့်လည်း ယခုအချိန်အခါသည် မိမိဆက်လက်ပညာသင်ကြားမည့် အဆင့်မြင့်ပညာ ကျောင်းများအတွက် ခေါင်းနောက်လောက်အောင် စဉ်းစားနေကြရပြီဖြစ်ပါသည်။ အချို့မှာလည်း ငွေကြေးလည်းတတ်နိုင်သဖြင့် ပြည်ပတွင်သွားရောက် ပညာသင်ကြားကြဖို့ အားထုတ်နေကြပြီဖြစ်ပါသည်။ အောင်မြင်သူများတွင်လည်း မိမိကတော့ ရိုးရိုးပဲအောင်ခဲ့သည်၊ မိမိကတော့ ဂုဏ်ထူးဘယ်နှစ်ဘာသာဖြင့် အောင်ခဲ့သည်၊ အမှတ်ကတော့ ဘယ်လောက်ရခဲ့သည်၊ ဒါကြောင့် ဘယ်ကျောင်းကိုရွေးချယ်တက်ရောက်ရမလဲ စသဖြင့်အတွေးရှုပ်နေ ကြပါပြီ။ ယနေ့ချိန်ခါအထိမြန်မာနိုင်ငံတွင်ကျင့်သုံးနေသော တက္ကသိုလ်ဝင်ခွင့်ရွေးချယ်နည်းစနစ်မှာ အောင်မြင်ခဲ့သောဘာသာတွဲ၊ ရရှိခဲ့သောအမှတ်အနည်းအများပေါ်မူတည်ပြီး တက္ကသိုလ်အသီးသီးက သတ်မှတ်ထားသော အမှတ်များနှင့် ဦးစားပေးရွေးချယ်ကြရသည့်ပုံစံမျိုးဖြစ်ပါသည်။

ထို့ကြောင့်အထက်တန်းပညာသင်ကြားစဉ်က မိမိရွေးချယ်ခဲ့သောဘာသာတွဲများအတိုင်း အဆင့်မြင့်ပညာဦးစီးဌာနမှ ထုတ်ပြန်ထားသော ရွေးချယ်တက်ရောက်ခွင့်ရှိသည့် တက္ကသိုလ်များတွင် သာ ဆက်လက်ပညာသင်ကြားကြရမည်ဖြစ်ပါသည်။ ဘာသာတွဲအနေဖြင့် ခုနစ်တွဲ ရှိပြီး အများစုရွေးချယ်ခဲ့ကြသော ဘာသာတွဲမှာ သုံးခုသာရှိရာ ၎င်းတို့မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ် တို့ပါဝင်သော သိပ္ပံဘာသာတွဲ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒဘာသာ ရပ်တို့ပါဝင်သော ဝိဇ္ဇာဘာသာတွဲ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒဘာသာရပ်တို့ပါဝင်သော ဝိပ္ပံတွဲများပင်ဖြစ်ပြီး ကျန်ဘာသာတွဲများမှာ မရှိသလောက်နည်းပါးပါသည်။

## စာမေးပွဲကျရှုံးသူများအနေဖြင့် မိမိယခင်နှစ်က အားနည်းချက်များကိုအကောင်းဆုံးပြန်လည်ကုစား. . . .

ရွေးချယ်ရာတွင်လည်း အများစုမှာ မိမိရမှတ်နှင့်မီသော တက္ကသိုလ်များကိုသာ ရွေးချယ်တက်ရောက်လေ့ရှိကြပြီး အချို့မှာလည်း မိဘများမှ တက်စေချင်သောကြောင့်လည်းကောင်း၊ အခြားသူများမှအကြံဉာဏ်ပေးသဖြင့် တက်ရနိုးနိုးဖြင့်ရွေးချယ်ကြပါသည်။

မြန်မာလူမှုအသိုင်းအဝိုင်းတွင် ဆရာဝန်ဖြစ်မှ အင်ဂျင်နီယာဖြစ်မှ သဘော်သားဖြစ်မှ အလေးပေးခံရတတ်သဖြင့် အများစုမှာလည်း မိမိကိုယ်တိုင်ဝါသနာ အမှန်တကယ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဆေးကျောင်း၊ အင်ဂျင်နီယာကျောင်းများကိုသာ ဦးစားပေးရွေးချယ်ခဲ့ကြပါသည်။ အများဆေးကျောင်းဆိုသဖြင့် ကိုယ်လည်းဆေးကျောင်းတက်ချင် အများအင်ဂျင်နီယာကျောင်း ဆိုသဖြင့်ကိုယ်လည်း အင်ဂျင်နီယာကျောင်းတက်မည် စသဖြင့် မိမိစိတ်ဆန္ဒတွင်အမှန်တကယ်ဖြစ်ချင်သော မိမိဝါသနာပါသော ပညာများကိုမျက်ကွယ်ပြုကာရွေးချယ်ခဲ့ကြသည်မှာများပါသည်။

အချို့ မိဘများသည်လည်း မိမိသားသမီး စိတ်ဝင်စားမှု ဝါသနာပါသော ပညာရပ်များကို ရွေးချယ်စေခြင်းမပြုဘဲ မိမိဖြစ်စေချင်သော မိမိတက်စေချင်သော တက္ကသိုလ်များသာတက်ရောက်စေခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထိုအခါ သစ်လွင်ကျောင်းသူကျောင်းသားများအနေဖြင့် ဝေဝေဝါးဝါး ရွေးချယ်တက်ရောက်ခဲ့ကြသော တက္ကသိုလ်များတွင် ဆက်လက်ပညာ သင်ကြားကြသောအခါ အခက်အခဲများစွာ ကြုံတွေ့ရပြီး အချို့မှာ မိမိတက်ရောက်သော တက္ကသိုလ်တွင် အကြိမ်ကြိမ်ကျရှုံးသဖြင့် ကျောင်းထွက်ခဲ့ရပြီး လမ်းစပျောက်သွားသည့်အဖြစ်များထိ ကြုံတွေ့နေကြရပါသည်။

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ကြသောအခါတွင် ဆရာဝန် တစ်မျိုးတည်းဖြင့် လုပ်ဆောင်၍ မရသလို အင်ဂျင်နီယာများဖြင့်သာလည်း တည်ဆောက်၍ မရပေ။ နယ်ပယ်အသီးသီးမှ သက်ဆိုင်ရာပညာရှင်များဖြင့် ညီညီညွတ်ညွတ်ကြိုးစားအားထုတ်ကြပါမှသာ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတစ်နိုင်ငံဖြစ်အောင် ထူထောင်နိုင်မည်ဖြစ်ပါသည်။ မတူညီသောဘာသာရပ် ပညာရပ်အသီးသီး၌ မိမိစိတ်ဝင်စားရာ ဝါသနာပါရာ နယ်ပယ်တွင် ကြိုးစားအားထုတ်ကြဖို့ သာလို အပ်ပါသည်။ သို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မည့်သည့်ပညာရပ်မျိုးမဆိုလိုအပ်ပြီး အရေးပါသည်ချည်းသာဖြစ်ပါသည်။ ယနေ့ ဖွံ့ဖြိုးပြီး နိုင်ငံများကို လေ့လာကြည့်ပါက နယ်ပယ်အသီးသီး ပညာရပ်အသီးသီးတွင် ဟန်ချက်ညီညီ လေ့လာသင်ယူပြီး ပြန်လည်အသုံးချနိုင်အောင် ကြိုးစားအားထုတ်ထားကြကြောင်းတွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိအတွက်သာမက နိုင်ငံတော်အတွက်ပါအရေးပါသည့် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရာတွင် မှန်မှန်ကန်ကန်ရွေးချယ်တက်ရောက်ကြဖို့လိုပါသည်။ ဆေးတက္ကသိုလ်တက်ခွင့်ရပြီး မိမိဝါသနာနှင့်မကိုက်ညီသဖြင့် ပညာကို တတ်မြောက်အောင် မသင်ယူဘဲ ကျောင်းထွက်သွားရသောသူများ၊ ဆေးပညာဘွဲ့ရယူခဲ့ကြပေမယ့် ဆေးပညာဖြင့် အသက်မမွေးဘဲ အခြားစီးပွားရေးလုပ်ငန်းများ၊ ကုန်သည်၊ ပွဲစား၊ ဂီတအနုပညာစသဖြင့် ပြောင်းလဲလုပ်ကိုင်နေသောသူများ အများကြီးရှိခဲ့ကြပါသည်။ ထို့အတူပင် အခြားခြားသော တက္ကသိုလ်များတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် ယင်းတက္ကသိုလ်များတက်ရောက်ခဲ့ကြပေမယ့် မအောင်မြင်မဖြစ်ထွန်းခဲ့ကြသူများ၊ ဘွဲ့ရခဲ့ကြပေမယ့် အခြားနယ်ပယ်များတွင် လုပ်ကိုင်နေရသူများ များစွာရှိပါသည်။ ထို့ကြောင့် တက္ကသိုလ်ရွေးချယ်တက်ရောက်ရာတွင် လက်လွတ်စပယ်ရွေးချယ်ပြီး မတက်ရောက်ဘဲ မိမိအမှန်တကယ်ဝါသနာပါသော၊ မိမိဆန္ဒနှင့် ကိုက်ညီသော ပညာရပ်များကိုသာ ရွေးချယ်တက်ရောက်ပြီး ကိုယ်ဝါသနာပါသော နယ်ပယ်တွင် တစ်စိုက်မတ်မတ်ကြိုးစားအားထုတ်ဖို့သာ လိုအပ်ပါသည်။

လူသားတိုင်းတွင် မိမိငယ်စဉ်ကလေးဘဝကတည်းက လုပ်ချင်ဖြစ်ချင်သော ဝါသနာများအသီးသီးကိန်းအောင်းနေကြပါသည်။ မိဘများအနေဖြင့်လည်း မိမိသားသမီးတို့၏ ဝါသနာ စိတ်ဆန္ဒကို အတတ်နိုင်ဆုံး လိုက်လျောပြီး ၎င်းတို့ တက်ရောက်သောပညာရပ်များတွင် မြေတောင်မြောက်ပေးဖို့လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့ စိတ်ဝင်စားသော ဝါသနာပါသော နယ်ပယ်တွင်ဆက်လက်ကြိုးစားအားထုတ်ပြီး ဘဝတက်လမ်းကိုဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ မိဘများ၏သဘောဆန္ဒအတိုင်းသာ အတင်းဖိအားပေးတက်စေပါက ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ၎င်းတို့ ဝါသနာမပါသော စိတ်ဆန္ဒနှင့်မကိုက်ညီသော တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားလိုစိတ် မရှိသဖြင့် ကြိုးစားအားထုတ်မှုလျော့နည်းလာပြီး ပညာရပ်ကိုလည်းဖြစ်ထွန်းအောင်မြင်အောင် သင်ကြားနိုင်မည်မဟုတ်ပါ။ ထိုအခါ မိဘများအတွက်ကော မိမိသားသမီးများအတွက်ပါ များစွာထိခိုက်နိုင်သဖြင့် မလိုလားအပ်သော အခြေနေများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့်မိမိတို့၏ သားသမီးများ စိတ်အားထက်သန်သော ပညာရပ်များကိုသာ တွန်းအားပေး ထောက်ပံ့ပေးသင့်ပါသည်။ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်လည်း မိမိအမှန်တကယ် ဆက်လက်ပညာသင်ကြားလိုသော တက္ကသိုလ်များကိုသာ သေသေချာချာဆုံးဖြတ်ချက်ချပြီး ရွေး ချယ်တက်ရောက်သင့်ပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင်ကျင့်သုံးနေသော တက္ကသိုလ်ရွေးချယ်ရေး စနစ်မှာလည်း ဆယ်တန်းတွင်မိမိရရှိခဲ့သောအမှတ်များ၊ ဘာသာတွဲများဖြင့်သာ သတ်မှတ်ထားသော တက္ကသိုလ်များကို ဆက်လက်လျှောက်ထားကြရသည်ဖြစ်ရာပို၍ဂရုတစိုက် ရွေးချယ်တက်ရောက်ဖို့ လိုပါသည်။

နိုင်ငံတကာတွင် တက္ကသိုလ်ပညာများ ဆက်လက်သင်ယူရန်အတွက် အခြေခံပညာတန်းများ သင်ယူပြီးမြောက်ပါက တက္ကသိုလ်၏ အဆင့်မြင့်ပညာအဆင့်တွင် လူတိုင်းသိရှိထားရန်လိုအပ်သော ဝိဇ္ဇာသိပ္ပံသင်တန်းများ ပထမဦးစွာ တက်ရောက်ကြရပြီး ၎င်းတက္ကသိုလ် အခြေခံသင်တန်း (Foundation Course) တက်ရောက်ပြီးမှသာ မိမိဆက်လက်လေ့လာလိုသော ဘာသာရပ်ဆိုင်ရာ ပညာများကို ဝင်ခွင့်များထပ်မံဖြေဆိုကာ ဖြတ်ကျော်အောင်မြင်မှသာ ဆက်လက် သင်ကြားကြရပါသည်။ ထို့အပြင် မိမိတက်ရောက်လိုသော ဘာသာရပ်များ ပညာရပ်များကိုလည်း မိမိစိတ်ဆန္ဒအတိုင်းသာ ဆုံးဖြတ်သင်ယူကြရပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ရှေးယခင်နှစ်များက တက္ကသိုလ်ပညာ ဆက်လက်သင်ယူလိုသူများ အနေဖြင့် အခြေခံပညာတန်းများ သင်ယူပြီးပါက ဒေသကောလိပ် (Regional Colleges) များတွင် တက္ကသိုလ်အခြေခံ ဝိဇ္ဇာသိပ္ပံပညာများကို နှစ်နှစ်ခန့် တက်ရောက်ပြီးမှသာ သက်ဆိုင်ရာ ပညာရပ်ဘာသာရပ်အသီးသီးတွင် ဆက်လက်ပညာသင်ယူကြရပါသည်။ ထိုသို့သော အခြေနေမျိုးများတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိစိတ်ကြိုက်ဘာသာရပ် ပညာရပ်များကို မိမိဝါသနာပါသည့်အလျောက် ဆက်လက်သင်ယူကြသဖြင့် ထွန်းပေါက်အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ အမှန်စင်စစ် တက္ကသိုလ်ပညာရပ်များ သင်ကြားကြသည်ဆိုသည်မှာ မိမိဘဝတွက် ဆက်လက်လျှောက်လှမ်းမည့်အခါ ၎င်းပညာကိုအသုံးချပြီး အောင်မြင်သော ဘဝလမ်းကို ဖန်တီးနိုင်ဖို့ဖြစ်ပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

ရန်ကုန်မြို့ရဲ့အချက်အခြာ
ဆူးလေဘုရားလမ်းပေါ်
ပေ(၁၂ ½×၆၀) (၂)ခန်းတွဲ
ပေ(၂၅×၆၀)၊ (ပထမထပ်)
ပိုင်ရှင်ကိုယ်တိုင်ငှားမည်။
ဖုန်း-၀၉-၂၅၄၀၁၄၃၀၂
၀၉-၂၅၀၅၁၃၃၄၉

ထိုက်ထိုက်တန်တန်
တစ်ထပ်တိုက်သစ်၊ အဲကွန်း (၂) လုံး၊ ကိုယ်ပိုင် ရေ/မီး၊ (၂၄ ပေ × ၆၀ ပေ) ထောင့်ကွက်၊ လမ်းမျက်နှာစာနှစ်ဖက်၊ အုတ်တံတိုင်းပတ်လည်၊ အုတ်ရေမြောင်း၊ ကွန်ကရစ်အပြည့်ခင်း၊ စိတ်အေးချမ်းသာစွာ အနားယူနိုင်၊ တောင်ဒဂုံ (ကျန်စစ်သားစက်မှုဇုန်အနီး)၊ (၇၂) ရပ်ကွက်၊ မဏိစည်သူလမ်းမ ကျောကပ်လမ်း၊ အရှေ့လှည်း ဈေး/ကျောင်း/ ကားဂိတ်နီး၊ ကျပ် (630) သိန်း
ဖုန်း- 09-73135444, 09-250283165

သစ်မွှေး ပျိုးပင်/မျိုးစေ့
ရောင်းသည်
Ph: 09-33081379
09-33233455

လျှော်ပြု(ဆေးကုလားမ)
ရောင်းသည်
Ph: 09-254448617


သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"
ကွန်ပျူဗေဒသုခုမ
ဒေါက်တာတင်မိုလ်မိုလ် (နာမက္ခရကျမ်းပြုပညာရှင်)
ထံမှာ အမည်ပေးပါမှ ရင်သွေးဘဝက်ဇာတာအတွက် စိတ်ချရမည်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။
သင့်ရင်သွေးအတွက် အကောင်းဆုံးနာမည်များ၊ ဟောစာတမ်းများ၊ တြိစက္ကဇာတာများကို ကွန်ပျူတာဖြင့် ရွေးချယ်ပေးပြီး အိမ်အရောက် ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။ ၁၉၉၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ထူးချွန်ထက်မြက်သောရင်သွေးငယ် မြောက်များစွာ၏ အနာဂါတ်ကို ထွန်းတောက်စေခဲ့ပါပြီ...။
(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)
အမှတ်-၄၆၊ အခန်း-၆၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၂၈၆၆၅ ၊ ၀၉-၅၁၇၄၂၂၆ ၊ ၇၃၁၅၅၇၃၁ ၊ ၇၃၁၇၇၇၃၁
web site : http://compubaydathukhuma.com

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
၁။ ဘုရင့်နောင်တာဝါ II 1500 sf, 11 လွှာ၊Lift, ထောင့်ခန်း၊အဆင့်မြင့်ပြင်ဆင်ပြီး။
၂။ Hi-way Complex 1650sf 3 လွှာ၊ ထောင့်ခန်း၊ အဆင့်မြင့်ပြင်ဆင်ပြီး။
ဆက်သွယ်ရန် ဖုန်း -
09-5403177,
09-5127912, 09-73040337

Taxi (အိမ်ပေး)
Chery QQ 311 Taxi ယာဉ်မောင်းလိုသူများဆက်သွယ်ပါ။ လပေးငှားမည်။ အိမ်ပေးထားသည်။ ကားသန့်သည်။
KM 30000 ကျော်၊
ဆက်သွယ်ရန်ဖုန်း-09-5020229

SEVEN စံ မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား? SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက် ငွေပေးချေသည်။ (ပွဲခလုံးဝမယူပါ။)
ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁၀)လမ်းမြောက်၊ အိမ်အမှတ်(၆၃၀)၊ အကျယ်အဝန်း ပေ(၂၇×၇၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်များအားလုံးကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သဲသဲဆုအောင်[၁၂/ကတတ(နိုင်)၀၂၇၄၇၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးမြင့်သန်း(LL.B) | ဒေါ်သဇင်အေး(LL.B) | ဒေါ်သက်ထားဆွိ (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၆၉၆၃) | (စဉ်-၈၃၃၂) | (စဉ်-၄၂၈၉၉) |

"ဇလပ်ပွင့်" အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း
အမှတ်(၅၇)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၃၁၅၄၈၃၄၈၊ ၀၉-၃၁၅၄၈၃၃၁၊ ၀၉-၃၀၃၄၇၉၈

## စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၄ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၄ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၄ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ တပ်နယ်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်၊ တပ်နယ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ တပ်နယ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းတွင်း။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ကြော်ငြာ

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ထွေး

## အသက်(၈၆)နှစ်

ပြင်ဦးလွင်မြို့၊ အမှတ်(၁၇၆)၊ (၂၈)ကွက်၊ သုမင်္ဂလာရပ်နေ (ဦးလှ-ဒေါ်ဟန်)တို့၏သမီး၊ [ဗိုလ်မှူးမျိုးချစ်(ငြိမ်း)]၏ဇနီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်၊ ဒေါ်ခင်ဖုန်းဆင့်၊ (ဦးသောင်းထိုက်)၊ ဦးကျော်ဟိန်း-ဒေါ်သီတာညွန့်(ပညာရေးတက္ကသိုလ်၊ စစ်ကိုင်း)၊ ဒေါက်တာဒေါ်ခင်အေးမူ(မျက်စိအထူးကုပါရဂူ၊ ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင်မြို့)တို့၏ မိခင်၊ ဒေါ်မေဝင်းမောင်၊ ဒေါက်တာ ဧကရီကျော်(New York)၊ မပုလဲသစ္စာကျော်(စင်ကာပူ)၊ မောင်စွမ်းဝင့်(2nd MB - ဆေးတက္ကသိုလ်၊ မန္တလေးမြို့) တို့၏အဘွား၊ မောင်ကောင်းမြတ်သူ၏ ဘွားဘွားကြီးသည် အထက်ပါနေအိမ်၌ ၅-၈-၂၀၁၄ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပြင်ဦးလွင် (၈)မိုင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ထွေး

## အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ဖြစ်သူ ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ထွေး

## အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏ မိခင်ဖြစ်သူ ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအောင်ထွဋ်နှင့်ဇနီး ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကီး (၉၁)နှစ်

### (ကျုံကဒွန်း၊ ဖျာပုံမြို့)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံ(ခ)ရပ်ကွက်၊ဗဟိုလမ်း၊အမှတ်(၇၆)နေ (ဦးကျင်မောင်-ဒေါ်တလုတ်မ) တို့၏သမီးကြီး၊ (ဦးကျော်-ဒေါ်ယု) တို့၏သမီးချွေးမ၊ (ဦးငင်)၏ဇနီး၊ (ဒေါ်ရှိုး)၊ (ဒေါ်လွှိ)၊ (ဦးဟန်စိန်)၊ (ဦးညွန့်တင်)-ဒေါ်ဆန်းရင်၊ (ဦးလှတင်-ဒေါ်ဆန်းမေ)၊ ဦးကျော်လွင်-ဒေါ်ဆန်းကျော့၊ (ဒေါ်ကောက်ဘို့)၊ ဦးကျော်အေး-ဒေါ်နီနီကျင်၊ ဦးဟန်ချိန်-ဒေါ်ကျော့ရင်၊ (ဦးဟန်မြင့်)-ဒေါ်ရီရီဝင်း တို့၏ အစ်မကြီး၊ ဦးလှအောင်-ဒေါက်တာစန္ဒာကောင်းမြင့်၊ ဒေါ်တင်တင်ယဉ်၊ ဦးသန်းဌေးအောင်-ဒေါ်သန်းသန်းစိန်၊ ဒေါ်တင်တင်အုန်း၊ ဦးထွန်းအောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ မိခင်ကြီး၊ မရွှန်းလဲ့လဲ့အောင်၊ မခိုင်သဉ္ဇာထူး၊ မောင်ပြည့်စုံအောင်၊ မမဥ္ဇူလှအောင်စံ၊ မောင်ဟိန်းထက်အောင်၊ မောင်သန့်စင်အောင်တို့၏ ဘွားဘွားကြီး သည် ၅-၈-၂၀၁၄(အင်္ဂါနေ့) နံနက်၆း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄(ကြာသပတေးနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးတင်(ခ)ဒေါ်အေးအေး

## အသက်(၈၈)နှစ်

### L.H.V သုဝဏ္ဏဒေသန္တရ ကျန်းမာရေးဌာန(ငြိမ်း)

### (သဲကုန်း)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့၊ ဆေးရုံလမ်းနေ (ဦးတုတ်လှ-ဒေါ်ဒေါ်သန့်)တို့၏ သမီး၊ စလင်းမြို့နေ (ဦးဖိုးဟန်-ဒေါ်မမကြီး)တို့၏ သမီးချွေးမ၊ (UBA- ဦးမောင်မောင်-၃)၏ ချစ်လှစွာသောဇနီး၊ (ဦးဘေညွန့်-ဒေါ်စိန်တင်)၊ (ဦးရွှေလုံး-ဒေါ်ကြည်ကြည်)၊ ဦးကျော်သိန်း-ဒေါ်ခင်တာတာတို့၏ ညီမ/အစ်မ၊ ဒေါ်ပြုံးအေး၊ ဖျာပုံမြို့နေ ရွှေနေ ဦးဇော်ဝင်း-ရွှေနေဒေါ်မြင့်မြင့်သန်း၊ ဦးဆန်နီ-ဒေါ်မြင့်ဆွေ၊ ဦးခင်မောင်ထွေး-ဒေါ်ခင်ထားထားတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၅-၈-၂၀၁၄(အင်္ဂါနေ့)တွင် ဖျာပုံမြို့၊ (၁၀)ရပ်ကွက်၊ စာတိုက်(၇)လမ်း၊ အမှတ်(၁၅) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ဖျာပုံမြို့၊ လိပ်ဥကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းဝင်း(အလုံ)

## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စံပယ်လမ်း၊ တိုက်(၁၆)၊ လေးလွှာနေ (ဦးသာညိမ်း- ဒေါ်သောင်း)တို့၏ သမီး၊ ဦးဝင်းနိုင်(ခ)စီဘီလားမား၏ ဇနီး၊ ဦးဝင်းမြတ်-ဒေါ်ဝါဝါနိုင်၊ ဒေါ်မော်မော်နိုင်၊ ဦးအောင်စိုးသန်း-ဒေါ်အေးအေးနိုင်၊ ဦးမောင်မောင်ဇင်-ဒေါ်စုစုနိုင်၊ ဦးမြင့်ကြိုင်-ဒေါ်အေးအေးဝမ်း၊ ဒေါ်အေးအေးတူး၊ ဒေါ်စိုးစိုးထွေးတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၅-၈-၂၀၁၄ (အင်္ဂါနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုရီ

## အသက်(၆၁)နှစ်

### (ကော့သောင်း)

ကော့သောင်းမြို့၊ အမှတ်(၃၄၄)၊ စပယ်လမ်း၊ အဏ္ဏဝါရပ်ကွက်နေ (ဦးထွန်းဝါ-ဒေါ်ရှမ်း)တို့၏ သမီး၊ (ဦးထွန်းတင်)-ဒေါ်သန်းညွန့် တို့၏ သမီးချွေးမ၊ ဦးမောင်အုန်း(ခ)ဦးအုန်းမြ ၏ ဇနီး၊ ကိုထွန်းနိုင်ဝင်း-မညိုမာလွင်၊ ကိုခိုင်ဇော်ဝင်း-မဇင်မာလွင်၊ ကိုအာကာမိုး-မလွင်မာအောင်၊ မကေဇင်ဖြိုး၊ ကိုခင်မောင်ထွန်း-မဝင်းဝင်းဖြူ တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား ဒေါ်ရှုရီသည် ၅-၈-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

## လျှောင်စုပ်ရိမ်(ခ)ဒေါ်ရိမ်

## အသက် (၉၄)နှစ်

### (မော်လမြိုင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၃)လမ်း၊ ကန်ရှေ့ရပ်ကွက်၊ အမှတ်(၁၁၀) သုံးလွှာနေ (ဦးစိန်-ဒေါ်ဟောင်)တို့၏သမီး၊ (ဦးတန်ရီရှိန်)၏ဇနီး၊ ဦးလှအောင်-ဒေါ်စန်းစန်းနွယ်၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်အေး၊ ဦးလှဝင်း-ဒေါ်ခင်သန်း၊ ဒေါ်စမ်းအေး-ဦးထွန်းတင်၊ ဦးဝင်းမြင့်-ဒေါ်ရင်မြင့်၊ ဒေါ်နီနီသန်း-ဦးကျော်လင်း၊ ဦးသိန်းဝင်း၊ ဒေါ်သန်းသန်းအေး-ဦးဝင်းမြင့်တို့၏ ချစ်လှစွာသော မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၂၀ ယောက်၊ မြစ်လေးယောက်တို့၏အဘွား လျှောင်စုပ်ရိမ်(ခ)ဒေါ်ရိမ်သည် ၄-၈-၂၀၁၄(တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၈-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရည်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်သိန်းယဉ် (တွံတေး)

## အသက်(၈၄)နှစ်

(ဦးမူတူး-ဒေါ်ညိုတိုး)တို့၏သမီးကြီး၊ (ဦးအေဒင်)၏ ဇနီး၊ Rev. ဦးဌေးဝင်း (တွံတေးမက်သဒစ်အသင်းတော်)-ဒေါ်နွယ်နွယ်လေး၊ ဦးစိုးဝင်း(စာရေးကြီး ထွေအုပ်ဌာန/အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်သွယ်သွယ်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်သန်းဌေး၊ Bishop ဒေါ်နွယ်နွယ်ဝင်း(မက်သဒစ် အသင်းတော်၊ အောက်မြန်မာပြည်)၊ အမှတ်(၂၀/၂၂)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးဝင်းဝင်း (မလေးရှားသံရုံး)၊ Rev. ဒေါ်သင်းသင်းလှိုင် (ဂရက်လမ်းမက်သဒစ် အသင်းတော်)တို့၏ မိခင်ကြီးသည် ၅-၈-၂၀၁၄ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၈-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် တွံတေးမက်သဒစ်အသင်းတော်ဘုရားကျောင်း၌ ဈာပနအစီအစဉ် ဝတ်ပြုကိုးကွယ်ပြီး တွံတေးမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်တွင် ဂူသွင်း မြှုပ်နှံသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မီ(ခ)ဒေါ်သန်းသန်းမြင့်

## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃၇-၁/ခ)၊ ဥယျာဉ်လမ်းနေ (ဦးစောဖေ-ဒေါ်ရွှေသိန်း) တို့၏ သမီး၊ (ဒေါ်ကျင်အေး)၊ ဒေါ်ကျင်မွေး၊ (ဒေါ်သိန်းရွှေ)၊ ဒေါ်ရင်သီ တို့၏ညီမ၊ ဦးယဉ်မောင်၊ ဦးသန်းဝင်း-ဒေါ်ခင်ခင်မာ၊ ဒေါ်တင်တင်မာ၊ ဦးရဲထွန်း၊ ဦးလှမြင့်သန်း-ဒေါ်တင်တင်မိုး၊ (ဦးလှမျိုး)တို့၏ အဒေါ်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၈-၂၀၁၄ (အင်္ဂါနေ့) နံနက် ၆နာရီတွင် ဆာကူရာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ညွန့် (၅၈)နှစ်

ရခိုင်ပြည်နယ်၊တောင်ကုတ်မြို့၊ကံပိုင်ရပ်ကွက်၊ မာလာမြိုင်လမ်း၊ ဈေးအနီး၊ အမှတ်(၄၈၂)နေ (ဦးစံပေါ်-ဒေါ်စိန်ခင်ဖြူ)တို့၏ သား၊ ဒေါ်လှတင်၏ ခင်ပွန်း၊ ကိုသန့်စင်ထွန်း (မြတ်နိုးသူ Coffee Shop)-မသင်းသင်းယု(မြတ်နိုးသူ စတိုး)၊ ကိုစိုးကျော်လင်း-မမို့မို့အေး (စိန်သုံးလုံး စတိုး)တို့၏မွေးသဖခင်သည်၅-၈-၂၀၁၄ ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်-ဆ(၆၅၈)၊ မဓာဝီလမ်းမကြီး၊ သန္တာလမ်းထိပ်၊ မြောက်ဥက္ကလာပ နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဖိုးလှဝင်း(မြောင်းမြ) (၉၂)နှစ်

### အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊အထက(၂)သာကေတ၊ အထက(၂)ဒဂုံ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း၊ အမှတ်(၆၉) ပထမထပ်နေ (ဦးဖိုးပြန့်-ဒေါ်ဖွား)တို့၏သား၊ ဦးဘိုးမြင့်-ဒေါ်မိတို့ ၏ သားသမက်၊ (ဒေါ်သိန်းရင်)၏ ခင်ပွန်း၊ ဦးစိန်ဝင်း (ဒု/ညွှန်မှူး-ငြိမ်း၊ရှေ့နေချုပ်ရုံး)-ဒေါ်ချိုချို (လ/ထ ညွှန်မှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံး)၊ ဒေါက်တာမြင့်သိန်း (Int.Consultant-Curriculum)-ဒေါ်ခင်သန်းဌေး(USA)၊ ဦးအောင်စိုးကျော်-ဒေါ်ဝေဝေခိုင်၊ ဦးခင်ဆွေ-ဒေါ်ခင်မြင့်ဝေ(လယ်ပြ-ငြိမ်း)၊ (ဦးဆန်းထွန်း)-ဒေါ်မြင့်မြင့်ဝင်း(ထက်ပြ-ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)၊ ဦးမြင့်ဆွေဝင်း (USA)၊ ဦးအောင်မြတ်ကျော်-ဒေါ်သန်းသန်းစိုး(ထက်အုပ်-ပုလဲ/သုံးခွ)၊ ဦးအောင်-ဒေါ်ကေသီဝင်း၊ (ဦးအောင်သန်းဦး)-ဒေါ်စန္ဒာဝင်း(Malaysia)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၂၀ ယောက်၊ မြစ်ခုနစ်ယောက် တို့၏အဘိုး ဦးဖိုးလှဝင်းသည် ၄-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၄(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## Prof; ဒေါက်တာထွန်းလွင်(Bangkok) (၇၉)နှစ်

### ဒေသကောလိပ်စီမံချက်၊ ဗဟိုကော်မတီအတွင်းရေးမှူးဟောင်း

Programme Specialist in Educational Planning And Administration (UNESCO, Bangkok)(ငြိမ်း)၊ Professor of M.B.A Program, Bangkok University (ငြိမ်း)

(ဦးတင်ရွှေ+ဒေါ်ကျင်လှိုင်) တို့၏ သားငယ်၊ ဒေါ်ခင်မမ (Bangkok) ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအေး+ဒေါ်သိန်းသိန်း (ငွေစံပါယ်ဆေးပေါ့လိပ်-ပဲခူး) တို့၏ ညီ/မောင်၊ Donal Kyaw Myint (CIT Systems Engineer, Member of Technical Staff, Spansion, U.S.A)+မလဲ့လဲ့သူဇာခင် (U.S.A) တို့၏ ဖခင်၊ Lorelai Myint ၏ အဘိုးသည် ၂-၈-၂၀၁၄ (စနေနေ့) ညနေ ၃း၂၁ နာရီတွင် Bangkok Hospital, Bangkok, Thailand ၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် Bangkok မြို့ရှိ Wat That Tang ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစမ်းမင်းထွန်း(ခ)ရော်ကြိုက်လိုင်

## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နံ့သာလမ်း၊ အမှတ်(၈၀)၊ သုံးလွှာနေ ဒေါ်သန်းသန်းစိန်၏ချစ်လှစွာသောခင်ပွန်း၊ မတင်တင်ဝင်း၊ မကျော့ကျော့လင်း၊ မသိမ့်သိမ့်လင်း၊ မောင်ထွန်းထွန်းလင်း-မသီရိလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးကျော်နိုင်-ဒေါ်ယဉ်ယဉ်နု၊ ဦးဝင်းကြူ-ဒေါ်ဝင်းဝင်းမြင့်၊ ဦးဖိုးထောင်-ဒေါ်ဂျမားဘီ၊ ဦးကျော်ဝင်း-ဒေါ်နွယ်နွယ်ဝင်း၊ ဦးအေးထူး-ဒေါ်ယဉ်ယဉ်အောင်၊ ဦးစိန်ဝင်း-ဒေါ်အေးသိန်း၊ ဦးကံမြင့်-ဒေါ်အေးစန်းတို့၏အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ ဦးလေး၊ မြေးတစ်ယောက်တို့၏အဘိုး ဦးစမ်းမင်းထွန်း(ခ)ရော်ကြိုက်လိုင်သည် ၄-၈-၂၀၁၄(တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၀-၈-၂၀၁၄(တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ရေကန်ဒါယကာကြီး

## စန္ဒယား ဦးတင်ဦးသောင်း (Playboy Band) (၅၇)နှစ်

### မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အင်းဝလမ်းထောင့်၊ အမှတ်(၂၇)၊ (ငါး)လွှာ နေ ဒေါ်ခင်မျိုးဇော်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးတင့်သောင်း၊ (ဦးနန္ဒောဘာသ) ၏ညီ၊ ဦးကြည်ဝင်းသောင်း-ဒေါ်ခင်သန်းနွယ်၊ ဦးအောင်ဇော်မိုး-ဒေါ်ဆန်းဆန်းစိန်၊ ဦးခင်မောင်ထွေး-ဒေါ်သန်းသန်းစိန်၊ ဦးမိုးသူသောင်း-ဒေါ်ခင်ကြီးဌေး တို့၏ ချစ်လှစွာသောအစ်ကို၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေး/ဘကြီး စန္ဒယားဦးတင်ဦးသောင်းသည် ၅-၈-၂၀၁၄ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ(S.S.C) ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ရှေ့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## စန္ဒယားတင်ဦးသောင်း(Playboy Band ) (၅၇)နှစ်

### မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အင်းဝလမ်းထောင့်၊ အမှတ်(၂၇)၊ ငါးလွှာနေ စန္ဒား ဦးစိန်သောင်း-ဒေါ်ရည် တို့၏ ချစ်လှစွာသော သား၊ (ဦးအုန်းဖေ-ဒေါ်စန်းစန်း) တို့၏ သားသမက်၊ ဒေါ်ခင်မျိုးဇော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သော်ဇင်မျိုးသောင်း(ခ) သဲသဲ-မမိုးနာမြတ်စိုးနိုင် (ခေတ္တ-USA) တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မကြယ်စင်လင်းလက်၏ အဘိုး စန္ဒယားဦးတင်ဦးသောင်းသည် ၅-၈-၂၀၁၄ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ (S.S.C) ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်ဝင်းကြည် (၆၉)နှစ်

### (မြောင်းမြ)

ကျိုက်လတ်မြို့နေ (ဦးမဲ့-ဒေါ်နှင်းမယ်) တို့၏ သမီးချွေးမ၊ မြောင်းမြမြို့နေ (ဦးတင်းယား-ဒေါ်ကြင်နု) တို့၏ သမီး၊ အမှတ်(၁၁၅)၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ [ဦးအောင်မြင့်(ခ)ဦးစိုးမြင့်]၏ ဇနီး၊ ဦးသန်းစိန်၏ အစ်မ၊ ဦးတင်မောင်ဝေ-ဒေါ်မိုးမိုးခိုင်၊ ဦးအောင်သိန်းထူး-ဒေါ်အိအိချော၊ ဒေါ်လဲ့လဲ့ခိုင်၊ ဦးကျော်ထင်အောင် - ဒေါ်မီမီခိုင်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၅-၈-၂၀၁၄(အင်္ဂါနေ့) နံနက် ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

## ဒေါ်ဝင်းကြည် (၆၉)နှစ်

### (မြောင်းမြ)

ကျိုက်လတ်မြို့နေ (ဦးမဲ့-ဒေါ်နှင်းမယ်)တို့၏ သမီးချွေးမ၊ မြောင်းမြမြို့နေ (ဦးတင်းယား-ဒေါ်ကြင်နု)တို့၏ သမီး၊ (ဦးဟုတ်ကြိုင်)-ဒေါ်သန်းမြ၊ ဦးကွမ်းထင်-ဒေါ်ရှု့ယဉ်(ဝင်းဝင်းရောင်းဝယ်ရေး)၊ (ဦးဟုတ်တီ-ဒေါ်ရှု့ရီ)တို့၏ ညီမ၊ (ဦးကျော်အောင်-ဒေါ်ဝင်းရီ)၊ (ဦးဟုတ်လှိုင်)-ဒေါ်တင်ဦးတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၁၅)၊ (၃၂)လမ်း(အလယ်)နေ [ဦးအောင်မြင့်(ခ)ဦးစိုးမြင့်]၏ ဇနီးသည် ၅-၈-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ တိက္ခဓဇ

## သိက္ခာတော်(၇၆)ဝါ၊ သက်တော်(၉၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်-မြိုင်မြို့နယ်၊ ကန်ယာကောင်းကျေးရွာ၊ ကျောက်သလင်းတောင်၊ သာသနာပြု သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တတိက္ခဓဇ သိက္ခာတော်(၇၆)ဝါ၊ သက်တော်(၉၆)နှစ်သည် ၄-၈-၂၀၁၄ (တနင်္လာနေ့) ည ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးတေဇိန္ဒ

## သိက္ခာတော်(၃၀)ဝါ၊ သက်တော်(၉၉)နှစ်

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ စိတ္တသုခကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဗုဒ္ဓိဦးဝိမလ၏ ဦးရီးတော်၊ (ခမည်းတော်ဦးဘိုးစိန်-မယ်တော်ဒေါ်မယ်သော့)တို့၏သားကြီး၊ ဒေါ်လှတင်၏ခင်ပွန်း၊ ဦးလှအေး (R.T.C)-ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်စိန် (ပညာရေးသုတေသန (ငြိမ်း)၊ (ဒေါ်သန်းမေ)၊ ဒေါ်အုံးမြင့်(ဘက ၉)၊ ဦးတင်အောင်သန်း [အမှတ်(၁) အခြေခံပညာဦးစီးဌာန(ရုံးချုပ်)]- ဒေါ်နွဲ့နွဲ့ကြည်(ပညာရေးသုတေသန)၊ ဦးအောင်ဆွေ(ခ)ပြုံးချို-ဒေါ်မြင့်မြင့်သန်း(ခ)မိလုံး၊ ဒေါ်မြင့်မြင့်တင် (YUFL)၊ (ဦးမောင်ထွေး)၊ ဦးမောင်အေး တို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက် တို့၏ အဘိုး ဦးတေဇိန္ဒသည် (၁၃၇၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်)၊ ၅-၈-၂၀၁၄(အင်္ဂါနေ့) နံနက် ၈း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်) ၇-၈-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ စိတ္တသုခကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးတေဇိန္ဒ

## သိက္ခာတော်(၃၀)ဝါ၊ သက်တော်(၉၉)နှစ်

ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ စိတ္တသုခကျောင်းတိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တမုဒ္ဓိဦးဝိမလ၏ ဦးရီးတော်၊ ဒေါ်လှတင်၏ ခင်ပွန်း၊ မအိအိခင်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)၊ မောင်ကျော်ကျော်ဝင်း(DL. Shipping)-မယုယုထွန်း၊ မောင်လေးအောင် (ပညာရေးသုတေသန)-မလင်းလင်းထွန်း (ပညာရေးသုတေသန)၊ မောင်တင်ထွေး-မခိုင်ခိုင်ဆွေ၊ မောင်ထက်အောင်-မသိမ့်သိမ့်အေး၊ မောင်အောင်ကျော်ကျော်တို့၏ အဘိုး ဦးတေဇိန္ဒသည်(၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်) ၅-၈-၂၀၁၄(အင်္ဂါနေ့) နံနက် ၈း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) ၇-၈-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ စိတ္တသုခကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေးမြစ်တစ်စု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊တံတား၊ရေတွင်း၊ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်ခင်(တောင်ငူမြို့) (၉၅)နှစ်

(ဦးမောင်ငယ်-ဒေါ်ရှု)၏သမီး၊ အငြိမ်းစားရဲမှူးကြီး[ဦးစိန်ထွန်း(ခ) ဦးစန္ဒိမာ]၏ဇနီး၊ ဦးလှအောင်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသောင်းညွန့်-ဒေါ်စန်းစန်းထွန်း၊ ဦးမောင်မောင်ထွန်း-ဒေါ်ခင်ခင်ဝင်း(ချမ်းသာကြီး ဆေးတိုက်)၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း (ထက်လင်း ဆေးတိုက်)၊ ဦးသိန်းအောင်-ဒေါ်နီနီထွန်း၊ ဆရာလေးဒေါ်ယုသီရိတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၁၃ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၈-၂၀၁၄ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် တောင်ငူမြို့အနောက်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၄ ရက်တွင် ၉/၄၀စတီးလမ်း၊ အုပ်ကျွတ်ဆန်း၊ တောင်ငူမြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန်ဒါယိကာမကြီး

## ဒေါ်ခင်ခင်(တောင်ငူမြို့) (၉၅)နှစ်

ရန်ကုန်မြို့၊ ၁၁၇(J)၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း(ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့၏မိခင်ကြီး ဒေါ်ခင်ခင်သည် ၄-၅-၂၀၁၄ (တနင်္လာနေ့) ညနေ ၄း၁၅ နာရီတွင် ကေတုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် တောင်ငူမြို့၊ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်စောတင်(လှည်းကူးမြို့) (၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊တန်းမကြီးလမ်းနေ ဦးဘိုးစံ-ဒေါ်အေးတင်တို့၏သမီး၊ ရွာမရပ်နေ ဦးစံရင်-ဒေါ်လှတင်တို့၏သမီးချွေးမ၊ တန်းမကြီးလမ်းနေ ဦးထွန်းရွှေ-ဒေါ်ဌေးအောင်၊ရန်ကုန်မြို့နေ ဦးမြင့်သိန်း-ဒေါ်တင်အုံး၊ ဦးထွန်းရီ-ဒေါ်ခင်မာကြည်၊ ညောင်ပင်လမ်းနေ ဦးအောင်မြင့်-ဒေါ်ခင်စောမူ၊ အောင်သုခ(၅)လမ်းနေ ဦးနိုင်ထွန်း-ဒေါ်ခင်ထွေးတင်(အထက-မြို့မ)၊ အောင်သုခ(၅)လမ်းနေ မအေးအေးခိုင်၊ မတင်ယုမော်၊ ကိုအောင်ဝင်းသန်း(အထက-အင်းတိုင်)-မသင်းသင်းမြတ်၊ မသင်းသင်းထွေး (စိန်လက်ဖက်နှင့်ကုန်မျိုးစုံဆိုင်)မိသားစုတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးမောင်ကြီး၏ဇနီး၊ မြေး ၁၆ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်စောတင်သည် ၄-၈-၂၀၁၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် လှည်းကူးသုသာန်၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်စောနွယ်(အငြိမ်းစား) (၈၁)နှစ်

### အမက(၅) ကြည့်မြင်တိုင်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ အမှတ်(၁၀၁)၊ စိန်ပန်းပြာလမ်းနေ (ဦးချစ်တီး-ဒေါ်ခိုင်) တို့၏သမီးလတ်၊ (ဦးအောင်သန်း) ၏ ဇနီး၊ (ဦးအောင်သိန်း-ဒေါ်လှမေ)၊ (ဦးလှိုင်)၊ (ဦးဘမြိုင်- ဒေါ်သန်းမြင့်)၊ (ဒေါ်တင်အိ)တို့၏ညီမ၊ ဒေါ်မြမြ၊ (ဦးမောင်မောင်)-ဒေါ်စန်းစန်း၊ ဦးမြင့်အေး-ဒေါ်ကြည်အောင်၊ ဦးသန်းဝေ-(ဒေါ်တင်ရီ) တို့၏ အစ်မ၊ ဦးအုံးခင်-ဒေါ်နီနီဝင်း၊ ဦးမောင်မောင်သန်း-ဒေါ်တင်တင်ဝင်း၊ ဦးခင်မောင်သန်း၊ ဦးဇော်နိုင်ဦး-ဒေါ်စမ်းစမ်းနွယ်၊ ဦးနိုင်အောင်-ဒေါ်အေးအေးမြင့် တို့၏ မိခင်၊ Cole-သဉ္ဇာအုံးခင်၊ အုပ်စိုးအုံးခင်၊ ဆုမြတ်အောင်၊ ဥက္ကာဇော်နိုင်-ဇင်မေထူး၊ သူရိန်ဇော်နိုင်၊ (ကောင်းဇော်)၊ မြတ်ဆုခိုင် တို့၏ အဘွား၊ မြစ်နှစ်ယောက် တို့၏ ဘွားဘွားကြီး ဒေါ်စောနွယ်သည် ၃-၈-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၄(ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# စစ်တွေမြို့ ပြည်နယ်အထွေထွေဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော ကလေးငယ်မှာ ဆာလ်ဖာဆေးမတည့်ခြင်းကြောင့် ဖြစ်ပွားသော ရောဂါခံစားနေရသူသာဖြစ်ပြီး အီဘိုလာရောဂါဖြစ်ပွားနေခြင်းမဟုတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရ

**နေပြည်တော်   ဩဂုတ်   ၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးတွင် ကလေးငယ်တစ်ဦး Ebola Virus ရောဂါဖြင့် ဆေးကုသမှုခံယူနေကြောင်း အင်တာနက်သတင်းများတွင် ဩဂုတ် ၄ ရက်မှစတင်၍ ဖော်ပြလျက်ရှိသည်။

အင်တာနက်သတင်းတွင် ဖော်ပြထားသည့် လူနာမှာ မင်းပြားမြို့နယ် ကမ်းနီကျေးရွာနေ အသက် ခြောက်နှစ်အရွယ်ရှိ မောင်မျိုးလင်းနိုင်ဆိုသူ ဖြစ်ပြီး ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီမှစတင်၍ ဆာလ်ဖာဆေးမတည့်ခြင်းကြောင့် ဖြစ်ပေါ်လာသော Stevens- Johnson Syndrome ရောဂါဖြင့် စစ်တွေမြို့ ပြည်နယ်အထွေထွေဆေးရုံကြီး ကလေးကုသဆောင်၌ တက်ရောက်ကုသနေသူ ဖြစ်ကြောင်း၊ လူနာသည် အဖျားရောဂါဖြင့် ရွာတွင် ဇူလိုင် ၂၁ ရက်မှစ၍ ဆေးသောက်ခဲ့ပြီး နှစ်ရက်အကြာ ဇူလိုင် ၂၃ ရက်တွင် မင်းပြားမြို့နယ် ပြည်သူ့ဆေးရုံမှတစ်ဆင့် စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Stevens- Johnson Syndrome ရောဂါသည် မွေးရာပါ ခုခံအား စနစ်ချို့ယွင်းနေသူများတွင် ဆေးဝါးဓာတ်မတည့်ခြင်း၊ အထူးသဖြင့် ဆာလ်ဖာဓာတ်ပါဝင်သော ဆေးဝါးများကြောင့်ဖြစ်ပွားပြီး Human Immuno Deficiency Virus, Coxsackievirus အသည်းရောင်ရောဂါပိုး၊ တုပ်ကွေးရောဂါပိုးတို့ ဝင်ရောက်ခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်းတို့ကြောင့် ဖြစ်ပွားလေ့ရှိကြောင်း၊ ဆေးဝါးဓာတ်မတည့်မှုကြောင့် အများဆုံးဖြစ်ပွားလေ့ရှိပြီး ယင်းရောဂါဖြစ်ပွားပါက ပထမဦးစွာ ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ဖြစ်ကာ နောက်ပိုင်းတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

## မာ တိ ကာ


ကျန်းမာရေးအသိဖြင့် ဝိုင်းဝန်းကာကွယ်
ခေါင်းကြီး စာမျက်နှာ - ၂

ပျဉ်းမနားမြို့၌ သီတဂူအာယုဒါန အခမဲ့မျက်စိဆေးခန်းဖွင့်
သတင်း စာမျက်နှာ - ၅

ရေသို့တူညီ တက်လှမ်းချီမည့် အာဆီယံ
ဆောင်းပါး စာမျက်နှာ - ၆

အမေရိကန်ပြည်ထောင်စု သက်တမ်းဝက်ရွေးကောက်ပွဲလေ့လာရန် စာနယ်ဇင်းသမား ၁၅ ဦးရွေးချယ်မည်
သတင်း စာမျက်နှာ - ၈


# အရှေ့တောင်အာရှလူငယ်ဘော်လီဘောချန်ပီယံဆုအတွက် မြန်မာ(က)နှင့်ထိုင်းတို့ အပြိုင်လုရမည်



အမျိုးသားပြိုင်ပွဲတွင် ထိုင်းနှင့်ဗီယက်နမ်တို့ ယှဉ်ပြိုင်နေစဉ်။

**သတင်းနှင့် ဓာတ်ပုံ-ချစ်ကိုကို**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အရှေ့တောင်အာရှလူငယ်ဘော်လီဘောပြိုင်ပွဲ စတုတ္ထနေ့ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ဆက်လက်ကျင်းပရာ မြန်မာ(က)အသင်းနှင့် ထိုင်းအသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။

ယခုပွဲအပြီးတွင် နှစ်ပွဲစီနိုင်ပွဲရရှိထားသော မြန်မာ(က)နှင့် ထိုင်းအသင်းတို့မှာ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေပြီး ဩဂုတ် ၆ ရက်တွင် ကစားမည့်နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

စတုတ္ထနေ့ပွဲစဉ်များအဖြစ် အမျိုးသားပြိုင်ပွဲတွင် မြန်မာ(က)အသင်းက မြန်မာ(ခ)အသင်းကို ၂၅-၁၈ မှတ်၊ ၂၉-၂၇ မှတ်၊ ၂၅-၁၈ မှတ်ဖြင့် သုံးပွဲပြတ်၊ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ၂၅-၁၄ မှတ်၊ ၂၅-၇ မှတ်၊ ၂၄-၂၆ မှတ်၊ ၂၅-၁၀ မှတ်ဖြင့် သုံးပွဲ-တစ်ပွဲ အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ပွဲစဉ်များကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် အမျိုးသမီးပွဲစဉ်အဖြစ် မြန်မာနှင့်ထိုင်း၊ အမျိုးသားပွဲစဉ်များအဖြစ် မွန်းလွဲ ၂ နာရီတွင် မြန်မာ(က)နှင့်ထိုင်း၊ ညနေ ၄ နာရီတွင် ဗီယက်နမ်နှင့် နယူးဇီလန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

# ပဲခူးမြစ်ရေနှင့် ငဝန်မြစ်ရေအခြေအနေ

**နေပြည်တော်   ဩဂုတ်   ၅**

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၆ စင်တီမီတာ (၁ ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဩဂုတ် ၃ ရက် နံနက် ၅ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၄ စင်တီမီတာ(ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# အင်တာနေရှင်နယ်ချန်ပီယံဖလား မန်ယူအသင်း ဆွတ်ခူး

**နိုင်လင်းကြည်**



မီယာမီမြို့ရှိ Sun life ဘောလုံးကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့သည့် အင်တာနေရှင်နယ်ချန်ပီယံဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက လီဗာပူးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးပြီး မန်ယူနည်းပြသစ် ဗန်ဟားလ်အတွက် မန်ယူအသင်းနှင့်အတူ ပထမဆုံးဖလားလည်း ဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် စမောလင်း၊ ဖီးဂျုံးစ်၊ ဗလင်စီယာ၊ ဟာရီရာ၊ ဖလက်ချာ၊ အက်ရှ်လေယန်း၊ မာတာ၊ ရွန်းနီ၊ ဟာနန်ဒက်ဇ်တို့ကို ၃-၅-၂ ပုံစံဖြင့် မန်ယူအသင်းနည်းပြသစ် **စာမျက်နှာ ၉ ကော်လံ ၄ သို့** ✳






themirror.npt@gmail.com
www.facebook.com/themirrordaily